# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး
# (၁၁) ရက်မြောက်နေ့မှတ်တမ်း

**၁၃၇၆ ခုနှစ်၊ တပို့တွဲလဆန်း ၁၅ ရက်**

**(၂၀၁၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၃ ရက်)**

**(အင်္ဂါနေ့)**

နေပြည်တော်ရှိ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမတွင် ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၁၁)ရက်မြောက်နေ့ကို နံနက် ၁၀း၁၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[ပြည်သူ့လွှတ်တော်အစည်းအဝေးကို ကြီးကြပ်ကွပ်ကဲသူအဖြစ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းက ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးတင်ဝင်းအောင်၊ ခေတ္တညွှန်ကြားရေးမှူးချုပ်၊ ပြည်သူ့လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

အချိန်၊ ၁၀း၁၀။

**အခမ်းအနားမှူး။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၁၁)ရက်မြောက်နေ့ အစီအစဉ်စတင်ပါတော့မယ်။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနေရာယူခြင်း

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက်သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**ဥက္ကဋ္ဌ။** ။ အားလုံးမင်္ဂလာပါ။

**ကိုယ်စားလှယ်များ။** ။ မင်္ဂလာပါ။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

**မူကြမ်း**

## ပြည်သူ့လွှတ်တော် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၁၁)ရက်မြောက်နေ့မှာ ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီရဲ့တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၄၂၀ ဦးရှိတဲ့အနက် ၃၃၀ ဦး တက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသူဦးရေ စုစုပေါင်းရဲ့ ၇၈.၅၇ ရာခိုင်နှုန်းရှိတဲ့အတွက် အစည်းအဝေးအထမြောက် ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

## အစည်းအဝေးအစီအစဉ်ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဥက္ကဋ္ဌ။** ။ အစည်းအဝေးကို ကြိုတင်ဖြန့်ဝေထားတဲ့ အစီအစဉ်များအတိုင်း ဆက်လက် ဆောင်ရွက်သွားပါမယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ။** ။ ယခု အစည်းအဝေးကို မတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များ အတွက် ခွင့်ပန်ကြားရန် ဖြစ်ပါတယ်။

**ဒေါက်တာစိုးရင်(အတွင်းရေးမှူး၊ လွှတ်တော်အခွင့်အရေးကော်မတီ)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ကျင်းပတဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ် မြောက်ပုံမှန်အစည်းအဝေး (၁၁)ရက်မြောက်နေ့မှာ ခွင့်ပန်ကြားသူများစာရင်းကို ကျွန်တော် ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီ အတွင်းရေးမှူးက တင်ပြပါ့မယ်။ ယနေ့ ခွင့်ပန် ကြားသူများမှာ-

(၁) လှိုင်မြဲဆန္ဒနယ်မှ ဒေါက်တာဝင်းမြင့် ခွင့် ၁ ရက်၊

(၂) သယ်န်းကျွန်းမဲဆန္ဒနယ်မှ ဦးသိန်းညွှန့် ခွင့် ၁ ရက်၊

(၃) ဖာပွန်မဲဆန္ဒနယ်မှ ဦးစိုင်းသန်းနိုင် ခွင့် ၁ ရက်၊

(၄) မချမ်းဘောမဲဆန္ဒနယ်မှ ဦးအင်ဖုန်ဆန်း(ခ)ဦးအင်ထုဖုန်ဆန်း ခွင့် ၁ ရက်၊

(၅) ဖြူးမဲဆန္ဒနယ်မှ ဦးညွှန့်လှိုင် ခွင့် ၁ ရက်၊

မှူကြမ်း

(၆) ဖရူဆိုမဲဆန္ဒနယ်မှ ဦးအူးရယ်(ခ)ဦးဦးရယ် ခွင့် ၁ ရက်၊

(၇) မြစ်သားမဲဆန္ဒနယ်မှ ဦးကြည်မောင် ခွင့် ၁ ရက်၊

(၈) ဆားလင်းကြီးမဲဆန္ဒနယ်မှ ဦးသန်းမြင့် ခွင့် ၂ ရက်၊

(၉) ဘူးသီးတောင်မဲဆန္ဒနယ်မှ ဦးရွှေမောင် ခွင့် ၄ ရက်၊

(၁၀) တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးကြီးခင်မောင်ထွန်း ခွင့် ၁ ရက်၊

(၁၁) ပုဏ္ဏားကျွန်းမဲဆန္ဒနယ်မှ ဦးထွန်းအောင်ကျော် ခွင့် ၂ ရက်၊

(၁၂) ဘားအံမဲဆန္ဒနယ်မှ ဒေါ်နန်းစေအွာ ခွင့် ၄ ရက်၊

(၁၃) လဲချားမဲဆန္ဒနယ်မှ ဦးစိုင်းမောင်တင် ခွင့် ၄ ရက်၊

(၁၄) ရေတာရှည်မဲဆန္ဒနယ်မှ ဦးမျိုးသန့် ခွင့် ၁ ရက်၊

(၁၅) ပဲခူးမဲဆန္ဒနယ်မှ ဦးကြင်သိန်း ခွင့် ၂ ရက်၊

(၁၆) ဂန့်ဂေါမဲဆန္ဒနယ်မှ ဦးအောင်မြင့် ခွင့် ၁ ရက်နှင့်

(၁၇) ကျောင်းကုန်းမဲဆန္ဒနယ်မှ ဦးသိန်းထွန်း ခွင့် ၄ ရက်တို့ဖြစ်ပါတယ်။ ယနေ့ ခွင့်ပန်ကြားသူများအား ခွင့်ပြုပေးနိုင်ပါရန် လေးစားစွာ ပန်ကြားအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ခွင့်ပန်ကြားသူအားလုံးကို ခွင့်ပြုပါတယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ အစည်းအဝေးမှာ တက်ရောက်ခွင့်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် ၄၂၀ ဦး၊ ယခင်က ခွင့်ပန်ကြား၍ ခွင့်ပြုထားသူ ၇၃ ဦး၊ ယနေ့ ခွင့်ပြုထားသူ ၁၇ ဦးဖြစ်၍ လွှတ်တော်ကခွင့်ပြုထားသူစုစုပေါင်း ၉၀ ဦးဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို လွှတ်တော်ရဲ့အတည်ပြုချက်ရယူပါမယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေတင်ပြချက်ကို အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က သဘောတူတဲ့အတွက် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

## မူကြမ်း

## ပြည်သူ့လွှတ်တော်၊ ကော်မတီအဖွဲ့ဝင်များ ပြောင်းရွှေ့တာဝန်ပေးအပ်ခြင်းနှင့် လစ်လပ်သော ကော်မတီအဖွဲ့ဝင်များ ဖြည့်စွက်ဖွဲ့စည်းခြင်းကို လွှတ်တော်သို့ အသိပေးတင်ပြခြင်း

ဥက္ကဋ္ဌ။ ။ အစီအစဉ် ၅ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော် ကော်မတီအဖွဲ့ဝင်များ ပြောင်းရွှေ့တာဝန်ပေးအပ်ခြင်းနှင့် လစ်လပ်သောကော်မတီအဖွဲ့ဝင်များဖြည့်စွက်ဖွဲ့စည်းခြင်းကို ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ဆောမဲဆန္ဒနယ်မှ ဦးဌေးမောင်အား တရားစီရင်ရေး၊ ဥပဒေရေးရာနှင့် တိုင်ကြားစာများ၊ အသနားခံစာများ စိစစ်ဆောင်ရွက်ရေးကော်မတီမှ အမျိုးသားစီမံကိန်း ပြည်ထောင်စု၏ဘဏ္ဍာငွေအရအသုံးနှင့် အခွန်အကောက်ဆိုင်ရာ စိစစ်ညှိနှိုင်းရေးကော်မတီသို့လည်းကောင်း၊ အင်းတော်မဲဆန္ဒနယ်မှ ဦးကျော်နိုင်ဌေးအား ပညာရေးမြှင့်တင်မှုကော်မတီမှ တရားစီရင်ရေး၊ ဥပဒေရေးရာနှင့် တိုင်ကြားစာများ၊ အသနားခံစာများ စိစစ်ဆောင်ရွက်ရေးကော်မတီသို့လည်းကောင်း ပြောင်းရွှေ့တာဝန်ပေးအပ်ကြောင်းနှင့် သုံးခွမဲဆန္ဒနယ်မှ ဒေါ်စုစုလွင်အား မူလကော်မတီအပြင် ပညာရေးမြှင့်တင်မှုကော်မတီ၌လည်းကောင်း၊ မင်္ဂလာတောင်ညွန့်မဲဆန္ဒနယ်မှ ဒေါ်ဖြူဖြူသင်းအား မူလကော်မတီအပြင် ပြုပြင်ပြောင်းလဲရေးနှင့် ခေတ်မီဖွံ့ဖြိုးတိုးတက်မှုစိစစ်ရေးကော်မတီ၌လည်းကောင်း၊ တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးကြီးမြင့်ဟန်အား လွှတ်တော်အခွင့်အရေးကော်မတီ၌လည်းကောင်း လစ်လပ်လျက်ရှိသော ကော်မတီအဖွဲ့ဝင်နေရာများတွင် ဖြည့်စွက်ဖွဲ့စည်းလိုက်ကြောင်း လွှတ်တော်သို့ အသိပေးတင်ပြပါတယ်။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက မေးခွန်းများ မေးမြန်း၊ ဖြေကြားခြင်းနှင့်စပ်လျဉ်း၍ တင်ပြခြင်း

ဥက္ကဋ္ဌ။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မေးခွန်းများ မေးမြန်းခြင်း၊ ဖြေကြားခြင်းအစီအစဉ် မစတင်မီ လွှတ်တော်သို့ တင်ပြလိုတဲ့အချက်ရှိပါတယ်။ လွှတ်တော်အချိန်ကို လေးစားတန်ဖိုးထားနိုင်ရန်၊ အကျိုးရှိစွာအသုံးပြုနိုင်ရန်အတွက် မေးခွန်းများ မေးမြန်းခြင်း၊ ဖြေကြားခြင်းအစီအစဉ်ဆောင်ရွက်ရာတွင် (၃)မိနစ်သာခွင့်ပြုပေးရန် လွှတ်တော်ကော်မတီနဲ့ လွှတ်တော်၏ဆုံးဖြတ်ချက်ကို လိုက်နာကြရန်ဖြစ်ပါတယ်။ သို့ရာတွင် သက်ဆိုင်ရာဌာနများမှ ဖြေကြားမှုကို (၃)မိနစ်ထက်ကျော်လွန်သည့်အခါ လွှတ်တော်ဥက္ကဋ္ဌအနေဖြင့် အမေးပေါ် လိပ်ပတ်လည်အောင်ဖြေကြားသည်ကို ထောက်ရှု၍ မိုက်အသုံးပြုခွင့်ကို ထပ်မံပေးခဲ့ရပါတယ်။ ပေးနေရပါတယ်။ စည်းကမ်းနှင့်ညီညွတ်မှုမရှိသော်လည်း လိုအပ်ချက်အရ ဆောင်ရွက်နေခြင်းဖြစ်ပါတယ်။ မည်သို့ပင်ဖြစ်စေ လွှတ်တော်ရဲ့သဘော

ထားပေါ်မူတည်၍ ဆောင်ရွက်သွားလိုပါတယ်။ ယင်းကိစ္စနှင့်စပ်လျဉ်းပြီး အကြံပြုမှုများရှိလျှင် မိမိထံ ပေးနိုင်ပါကြောင်း လွှတ်တော်ကို အသိပေးတင်ပြပါတယ်။

## ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မေးခွန်းများ မေးမြန်း၊ ဖြေကြားခြင်း အစီအစဉ် စတင်ဆောင်ရွက်ပါမယ်။

**လယ်သမားများ စိုက်ပျိုးစရိတ်ချေးငွေ ပြန်လည်ပေးဆပ်ရာတွင် သတ်မှတ်ကာလထက်ကျော်လွန်ပါက ပေးဆောင်ရသော ဒဏ်တိုးကျသင့်ငွေကို ပယ်ဖျက်ပေးရန် သို့မဟုတ် နှုန်းထားပြင်ဆင်ပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဦးစွာ လပွတ္တာမဲဆန္ဒနယ်မှ ဦးဇော်ထွန်း မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးဇော်ထွန်း(လပွတ္တာမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များအားလုံး၊ ပြည်ထောင်စုအဆင့်တာဝန်ရှိသူများအားလုံးနှင့် ဖိတ်ကြားထားတဲ့ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေလို့ ဦးစွာနှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ဧရာဝတီတိုင်းဒေသကြီး၊ လပွတ္တာမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဇော်ထွန်း ဖြစ်ပါတယ်။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ လွှတ်တော်နှင့်အစိုးရသစ် စတင်ချိန်မှစပြီး လယ်သမားများအကျိုးအတွက် လယ်ယာမြေဥပဒေ (၂၀၁၂)နှင့် တောင်သူလယ်သမားအခွင့်အရေး ကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးဥပဒေ၊ နည်းဥပဒေများကို ပြဋ္ဌာန်းပေးခဲ့တဲ့အပြင် လယ်သမားများ နှစ်ပေါင်းများစွာစုဆောင်းထားတဲ့ ချွေတာခေါ် စုဆောင်းငွေများကိုလည်း ပြန်လည်ပေးအပ်ခဲ့ပါတယ်။ ဒါ့အပြင် စိုက်ပျိုးစရိတ်ချေးငွေဖြင့် တစ်ဧကကို ယခင်က ကျပ် ၂၀၀၀၀ နှုန်း ချီးမြှင့်နေရာ ယခုအခါဆိုရင် ငါးဆတိုးပြီး တစ်ဧကလျှင် ကျပ် ၁၀၀၀၀၀ နှုန်း တိုးမြှင့်ချေးပေးခဲ့တဲ့အတွက် လယ်သမားများ များစွာကျေးဇူးတင်ကြောင်း တင်ပြလိုပါတယ်။ ဒါ့အပြင် ယခင်က စိုက်ပျိုးစရိတ်ချေးငွေ ချေးယူရာမှာ ငွေ ၁၀၀ လျှင် အတိုးနှုန်းဖြင့် တစ်ကျပ်၊ ပြား ၈၀ ခန့်ယူရာမှ ယခုအခါ လေးဆခွဲခန့်လျှော့ပြီး ၄၂ ပြားနှုန်းအထိ လျှော့ချပေးတဲ့အတွက်လည်း လယ်သမားများ ကျေးဇူးတင်လျက်ရှိကြပါတယ်။ သို့ရာတွင် အကြောင်းအမျိုးမျိုးကြောင့် ပြန်ဆပ်ရန် ကာလကျော်လွန်ပြီးမှ ပေးဆပ်နိုင်တဲ့လယ်သမားများအတွက်ကိုတော့ ဒဏ်တိုးဖြင့် သတ်မှတ်ထားတဲ့

မူကြမ်း

နှုန်းထားများမှာ ယခင်နှုန်းထား အတိုးနှုန်း တစ်ကျပ်၊ ပြား ၈၀ နှုန်းထား တုန်းကယူခဲ့တဲ့အတိုင်း တစ်ဧကကို ငွေ ၁၀၀ ကို တစ်လလျှင် တစ်ကျပ်နှုန်းဖြင့် သတ်မှတ်ပေးခဲ့ပါတယ်။ ယခုအခါ အတိုးနှုန်း ၄၂ ပြားနှုန်း သတ်မှတ်ထားတဲ့အချိန်မှာလည်း ငွေတစ်ရာကို တစ်လလျှင် ဒဏ်တိုးဖြင့် တစ်ကျပ်နှုန်း သတ်မှတ်ထားတဲ့အတွက် အတိုးနှုန်းနဲ့ နှစ်ဆခွဲခန့်တိုးပြီးတော့ ကောက်ယူနေသလိုဖြစ်နေတဲ့အတွက် စိုက်ပျိုးစရိတ်ချေးငွေ ပေးဆပ်ရန်ခက်ခဲနေပြီး သတ်မှတ်ကာလထက်ကျော်လွန်တဲ့ လယ်သမားများ အတွက် ဝန်ထုပ်ဝန်ပိုးဖြစ်စေတဲ့အတွက် လယ်သမားများ စိုက်ပျိုးစရိတ်ချေးငွေ ပြန်လည်ပေးဆပ်ရာ တွင် သတ်မှတ်ကာလထက်ကျော်လွန်ပါက ပေးဆောင်သောဒဏ်တိုးကျသင့်ငွေကို ပယ်ဖျက်ပေးရန် သို့မဟုတ် နှုန်းထားပြင်ဆင်ပေးရန် အစီအစဉ်ရှိ/မရှိကို လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လယ်သမား များကိုယ်စား မေးမြန်းအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနမှ ပြန်လည်ဖြေကြားဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးအုန်းသန်း(ဒုတိယဝန်ကြီး၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)**။ ။ လေးစား အပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များ မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအုန်းသန်း ဖြစ်ပါတယ်။ ဧရာဝတီတိုင်းဒေသကြီး၊ လပွတ္တာမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဇော်ထွန်းရဲ့ ကြယ်ပွင့်ပြမေးခွန်းအပေါ်မှာ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီးကိုယ်စား ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါ တယ်။ လယ်သမားများ စိုက်ပျိုးစရိတ်ချေးငွေ ပြန်လည်ပေးဆပ်ရာမှာ သတ်မှတ်ထားတဲ့ ပေးဆပ် ကာလထက်ကျော်လွန်ပါက ဘဏ်ကဒဏ်တိုးကောက်ခံခြင်းမှာ လက်ရှိတည်ဆဲဘဏ်နည်းဥပဒေ အခန်း(၇)၊ နည်းဥပဒေ ၃၃ တွင် ချေးငွေပြန်လည်ပေးဆပ်ရန် ပျက်ကွက်သည့်နေ့မှစ၍ ပျက်ကွက်နေ သောအချိန်ကာလအပိုင်းအခြားအတွက် ကျန်ရှိသောချေးငွေအရင်းပေါ်တွင် ကျသင့်အတိုးအပြင် ဘဏ်ကသတ်မှတ်သည့်အတိုင်း ဒဏ်တိုးကို ကောက်ခံရမည်ဟု ဥပဒေ၊ နည်းဥပဒေမှာ ဖော်ပြထား သဖြင့် နည်းဥပဒေနှင့်အညီ ကျသင့်သောဒဏ်တိုးကို ကောက်ခံနေရခြင်းဖြစ်ပါတယ်။ တောင်သူလယ် သမားများသို့ ငွေချေးရန်အတွက် လိုအပ်တဲ့ရန်ပုံငွေကို မြန်မာ့စီးပွားရေးဘဏ်က ချေးယူရသည်

ဖြစ်ရာ ဤဘဏ်က မြန်မာ့စီးပွားရေးဘဏ်သို့ သုံးလတစ်ကြိမ် ပုံမှန်အတိုးပေးဆောင်ရလျက်ရှိပါတယ်။

ထိုသို့ သုံးလတစ်ကြိမ် အတိုးပေးဆောင်နိုင်ခြင်းမရှိပါက ပေးဆောင်ခြင်းမပြုနိုင်တဲ့ အတိုးငွေပမာဏအပေါ် မူတည်ပြီး မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်က မြန်မာ့စီးပွားရေးဘဏ်သို့ တစ်နှစ်လျှင် ၁၃ ရာခိုင်နှုန်းဖြင့် ပေးသွင်းနေရသော်လည်း တောင်သူလယ်သမားများ၏ ချေးငွေအတိုးကို တစ်နှစ်လျှင် ၅ ရာခိုင်နှုန်းသာကောက်ခံပြီး ပေးဆပ်ရန် သတ်မှတ်ကာလကျော်လွန်မှုသာ ဒဏ်တိုးအဖြစ် တစ်နှစ် ၁၂ ရာခိုင်နှုန်းသာ ကောက်ခံခြင်းဖြစ်ပါတယ်။ သတ်မှတ်ကာလကျော်လွန်ပေးဆပ်မှုအတွက် တောင်သူလယ်သမားများအပေါ် ဒဏ်တိုးကောက်ခံခြင်းကို လက်ရှိတည်ဆဲဥပဒေ၊ နည်းဥပဒေများအရ ပယ်ဖျက်ပေးရန် သို့မဟုတ် နှုန်းထားပြင်ဆင်ပေးရန် လောလောဆယ်အားဖြင့် အစီအစဉ်မရှိသေးပါကြောင်းနှင့် လက်ရှိဥပဒေအား ပြင်ဆင်ရန်အတွက် ပြည်ထောင်စုရှေ့နေချုပ်ရုံးနှင့် ညှိနှိုင်းဆောင်ရွက်လျက်ရှိပါကြောင်းနှင့် ပြင်ဆင်တဲ့ဥပဒေအပေါ် မှာမူတည်ပြီးတော့ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံး ကျေးဇူးတင်ပါတယ်။

**ဆွမ်ပရာဘွမ်မြို့နယ်အတွင်းရှိ ပြည်ထောင်စုလမ်းမကြီးအား နွေ၊ မိုး၊ ဆောင်း သွားလာနိုင်သော လမ်းမကြီးအဖြစ် ဆောက်လုပ်ပေးရန်နှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဆွမ်ပရာဘွမ်မဲဆန္ဒနယ်မှ ဦးခမိုင်မုံကွမ် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးခမိုင်မုံကွမ်(ဆွမ်ပရာဘွမ်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အားလုံးမင်္ဂလာအပေါင်းနှင့်ပြည့်စုံပါစေကြောင်း ရှေးဦးစွာ ဂါရဝပြုနှုတ်ခွန်းဆက်သအပ်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ ကချင်ပြည်နယ်၊ ဆွမ်ပရာဘွမ်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခမိုင်မုံကွမ်ဖြစ်ပါတယ်ခင်ဗျား။ ကျွန်တော်တင်ပြ တောင်းခံလိုသော ကဏ္ဍများမှာ မြစ်ကြီးနားမြို့နယ်နှင့် ပူတာအိုမြို့နယ်ကြားတွင် တည်ရှိသော ဆွမ်ပရာဘွမ်မြို့နယ်အတွင်းရှိ ပြည်ထောင်စုလမ်းမကြီးအား ခိုင်ခံ့ကောင်းမွန်၍ နွေ၊ မိုး၊ ဆောင်း သွားလာနိုင်သော ပြည်ထောင်စုလမ်းမကြီးအဖြစ် တည်ဆောက်ပေးနိုင်ရေးအတွက် လေးလေးနက်နက်တောင်းခံ တိုက်တွန်းမေးမြန်းသွားမှာ ဖြစ်ပါတယ်ခင်ဗျား။ ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများခင်ဗျား။ ကျွန်တော်တို့ ဆွမ်ပရာဘွမ်မြို့နယ်မှာ ချွတ်ခြုံကျဆင်းရဲမှုနှင့် လမ်းပန်းဆက်သွယ်မှု ခက်ခဲမှုများမှာ အစိုးရအဖွဲ့များတစ်ဖွဲ့ပြီးတစ်ဖွဲ့ ပြောင်းလဲအုပ်ချုပ်တာဝန်ယူခဲ့သော်လည်း ဆက်သွယ်ရန် ဆွမ်ပရာဘွမ်မြို့နယ်၏

ချွတ်ခြုံကျဖွံ့ဖြိုးမှုမရှိခြင်းနဲ့ မိုးတွင်းအချိန်တွင် လမ်းပန်းဆက်သွယ်ရေး ပြတ်တောက်ခက်ခဲမှုများမှာတော့ ဘယ်တော့ဘယ်အခါ၊ ဘယ်အချိန်မှ ပြောင်းလဲခြင်းမရှိသည်ကို ပြည်သူများက ကြုံတွေ့ခံစားလျက်ရှိပါတယ်ခင်ဗျား။ ကျွန်တော်ဟာဆွမ်ပရာဘွမ်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တစ်ဦးဖြစ်သည်နှင့်အညီ ပြည်သူများနှင့်တွေ့ဆုံရာတွင် ပြည်သူများမှ တင်ပြချက်များကို လွှတ်တော်ဥက္ကဋ္ဌကြီးထံမှတစ်ဆင့် ပြည်သူများ၏ကိုယ်စား တင်ပြတောင်းခံခြင်းကို အကြိမ်ကြိမ်အခါခါတောင်းခံတင်ပြရာတွင် အစိုးရအဖွဲ့အနေဖြင့် အိန္ဒိယချေးငွေဖြင့် ချေးငှားရယူ၍ တာဝန်ပေးတည်ဆောက်ပေးမည်ဟုတင်ပြခြင်းကို ဒေသခံပြည်သူများအနေဖြင့် ကြားသိရ၍ ဝမ်းမြောက်ဝမ်းသာကြိုဆိုစောင့်ဆိုင်းနေသော်လည်း နှစ်စဉ်အကောင်အထည်ဖော်မှုမရှိဘဲ လမ်းပန်းဆက်သွယ်ရေးခက်ခဲမှု ပြတ်တောက်မှုများနှင့်သာ ကြုံတွေ့ရသဖြင့် မဲဆန္ဒရှင်ပြည်သူများအနေဖြင့် စိတ်ဓာတ်ခွန်အား ကျဆင်းလျက်ရှိပါတယ်ခင်ဗျား။

ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများခင်ဗျား။ ကျွန်တော်တို့ ဒီမိုကရေစီနိုင်ငံတော်ကြီးတည်ဆောက်ပေါ်ထွန်းဖော်ဆောင်ရာမှာလည်း သက်တမ်းငါးနှစ်ပြည့်ရန်မှာ တစ်နှစ်သာကျန်ရှိတော့တဲ့အတွက် ဒေသခံပြည်သူများအနေဖြင့် အစိုးရအသစ်၏ ဦးဆောင်မှု ကောင်းမွန်ခိုင်ခံ့သော ပြည်ထောင်စုလမ်းမကြီးအသစ် ပေါ်ထွန်းလာခြင်းမရှိမည်ကို စိုးရိမ်ပူပန်လျက် ရှိပါတယ်။

ဥက္ကဋ္ဌကြီးနှင့်လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများခင်ဗျား။ ပြည်ထောင်စုအစိုးရအဖွဲ့ကိုတိုက်တွန်းတောင်းခံလိုသော ကဏ္ဍများမှာ မည်သည့်နိုင်ငံကဖြစ်စေ၊ ချေးငှားတည်ဆောက်ပေးပါရန်တင်ပြတောင်းခံလိုပါသည်ခင်ဗျား။ ချေးငှားလို့မရပါက နိုင်ငံတော်အနေဖြင့် နိုင်ငံတော်ရသုံးဆိုင်ရာဘဏ္ဍာငွေထဲမှ သန်းပေါင်းနှစ်သိန်းဖြစ်စေ၊ သန်းပေါင်းသုံးသိန်းဖြစ်စေ စိုက်ထုတ်အကောင်အထည်ဖော်ပါက ပြည်ပအကူအညီမရရှိသော်လည်း တည်ဆောက်ပြီးမြောက် အောင်မြင်သွားမည်ဖြစ်သည်ဟုတင်ပြလိုပါသည်ခင်ဗျား။ မြစ်ကြီးနား-ဆွမ်ပရာဘွမ်-ပူတာအို လမ်းမကြီးမှာ ကျွန်တော်တို့ကချင်ပြည်နယ် ပြည်နယ်သူ ပြည်နယ်သားများအတွက်သာမက နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူများအားလုံးနှင့် သက်ဆိုင်သော ပြည်ထောင်စုလမ်းမကြီး ဖြစ်သည့်အတွက် ယခုဥက္ကဋ္ဌကြီးနှင့်အတူဤလွှတ်တော်တွင် ရောက်ရှိနေသော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များအနေနှင့်လည်း နားလည်သဘောပေါက် ဝိုင်းဝန်းခွင့်ပြုထောက်ခံမယ်လို့ ယုံကြည်ခြင်းနှင့်အတူ တင်ပြတောင်းခံရင်း ပြည်သူများသို့ညွှာတာထောက်ထားမှုနှင့်အတူ မဖြစ်မနေ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ရသုံးဆိုင်ရာ

ဘဏ္ဍာငွေထဲမှ ငွေလုံးငွေရင်း စိုက်ထုတ်တည်ဆောက်အကောင်အထည်ဖော်ပေးပါရန် ပြည်ထောင်စုအစိုးရအဖွဲ့အား တိုက်တွန်းတောင်းခံရင်း အထက်ပါ တင်ပြတောင်းခံမှုအပေါ်မှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်ထောင်စုအစိုးရအနေဖြင့် ဘယ်နည်း၊ ဘယ်ပုံတည်ဆောက်အကောင်အထည်ဖော်ပေးမည်ကို သိလိုပါသဖြင့် ဖြေကြားပေးပါရန် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးထံမှတစ်ဆင့် မဲဆန္ဒရှင်ပြည်သူများကိုယ်စား လေးစားစွာဖြင့် တိုက်တွန်းတောင်းခံမေးမြန်းရင်း နိဂုံးချုပ်အပ်ပါသည် ခင်ဗျား။

**ဥက္ကဋ္ဌ။** ။ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနမှ ဦးခမိုင်မုံကွမ်၊ ဆွမ်ပရာဘွမ်မဲဆန္ဒနယ်၏ ဆွမ်ပရာဘွမ်မြို့နယ်အတွင်းရှိ ပြည်ထောင်စုလမ်းမကြီးအား နွေ၊ မိုး၊ ဆောင်း သွားနိုင်သော လမ်းမကြီးအဖြစ် ဆောက်လုပ်ပေးရန်နဲ့ ပတ်သက်ပြီးတော့ ပြန်လည်ဖြေကြားဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးစိုးတင့်(ဒုတိယဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)။** ။ ရှိသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် အထူးဖိတ်ကြားထားသော ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနှင့်ပြည့်စုံကြပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးတင့် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ကချင်ပြည်နယ်၊ ဆွမ်ပရာဘွမ်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တော်ကြီး ဦးခမိုင်မုံကွမ်မှ မေးမြန်းထားတဲ့ မြစ်ကြီးနားမြို့နယ်နဲ့ ပူတာအိုမြို့နယ်အကြားမှာရှိတဲ့ ဆွမ်ပရာဘွမ်မြို့နယ်အတွင်းရှိ ပြည်ထောင်စုလမ်းမကြီးအား ခိုင်မာသောလမ်းမကြီးအဖြစ်တည်ဆောက်ပေးရန်နှင့် စပ်လျဉ်းတဲ့မေးခွန်းကို ပြန်လည်ဖြေကြားသွားမှာ ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကချင်ပြည်နယ်အတွင်းမှာရှိတဲ့ မြစ်ကြီးနား၊ ဆွမ်ပရာဘွမ်၊ ပူတာအိုလမ်းဟာ ၂၁၈ မိုင်ရှည်လျားပြီးတော့ ဆွမ်ပရာဘွမ်မြို့နယ်အနေနဲ့ မိုင်တိုင် (၅၃) ကနေပြီး တော့ (၁၆၉၆) အထိ ၁၁၆ မိုင်နဲ့ ၆ ဖာလုံပါဝင်ပါတယ်။ အဆိုပါလမ်းဟာ ဆောက်လုပ်ရေးဝန်ကြီးဌာနမှ စီမံခန့်ခွဲတဲ့လမ်းဖြစ်ပါတယ်။ ၃၁-၃-၂၀၁၄ အထိ ဆွမ်ပရာဘွမ်မြို့နယ်မှာရှိတဲ့ လမ်းအခြေအနေကတော့ ကတ္တရာလမ်း ၃ မိုင်၊ ကျောက်လမ်း ၂၁ မိုင် ၁ ဖာလုံ၊ အမာခံလမ်း ၅၉ မိုင် ၂ ဖာလုံ၊ မြေလမ်း ၃၃ မိုင် ၃ ဖာလုံ စုစုပေါင်း ၁၁၆ မိုင်၊ ၆ ဖာလုံဖြစ်ပါတယ်။ ဆောက်လုပ်ရေးဝန်ကြီးဌာနမှ လမ်းတံတားအဆင့်မြှင့်တင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ရာ ရိက္ခာစုပုံရေးယာဉ်တန်းများ ပူတာအိုအထိ တက်ရောက်

နိုင်ခဲ့ပြီး ၂၃-၁၀-၂၀၁၄ မှ ၂၈-၁-၂၀၁၅ အထိ ယာဉ်စီးရေ ၇၃၀ စီး တက်ရောက်နိုင်ပြီဖြစ်ပါတယ်။ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်မှာ မြစ်ကြီးနား-ဆွမ်ပရာဘွမ်-ပူတာအိုလမ်းကို ပြည်ထောင်စုရန်ပုံငွေကျပ်သန်း ၄၈၉၁.၆၆ သန်းနှင့် ပြည်နယ်ရန်ပုံငွေကျပ်သန်း ၄၇၀၉.၇၆ သန်း၊ စုစုပေါင်းကျပ် ၉၆၀၁.၄၂၃ သန်းနဲ့ ကတ္တရာလမ်းသစ်ခင်းခြင်း ၉ မိုင် ၇ ဖာလုံ၊ ကျောက်ခမ်းခင်းခြင်း ၅ မိုင် ၁ ဖာလုံ၊ သဲကျောက်ခင်းကြိတ်ခြင်း ၂၃ မိုင် ၄ ဖာလုံ၊ ကတ္တရာထပ်ပိုးလွှာခင်းခြင်း ၂ မိုင် ၆ ဖာလုံ၊ လမ်းအနိမ့်အမြင့်ညှိ၍ ကတ္တရာရေပိတ်လွှာလောင်းခြင်း ၃ မိုင် ၇ ဖာလုံ၊ တစ်လွှာတစ်ထပ်ဘေလီတံတားတည်ဆောက်ခြင်း ငါး စင်း၊ သစ်သားကြမ်းခင်းရေထုတ်ပြွန်အား ကွန်ကရစ်ကြမ်းခင်းပြုလုပ်ခြင်း ၅၇ စင်း၊ တံတားနှင့်ရေပြွန်တည်ဆောက်ခြင်း ၁၂၅ စင်း၊ သစ်သား တံတားတည်ဆောက်ခြင်း ၁၈ စင်း၊ ဖုန်အင်ခတံတား ၃၀၀ ပေ၊ မူလာရှိုဒီးတံတား ၅၇၀ ပေ၊ တံတားအ မှတ် (၁/၂၁၈) ၁၉၅ ပေ၊ တန်ဂျာ(၁) တံတား ၂၄၅ ပေနဲ့ တန်ဂျာ (၂) တံတား ၃၂၀ ပေ ငါး စင်းတို့ဟာ ပေ ၁၈၀ အထက်တံတားကြီးများဖြစ်လို့ ဒီတံတားကြီးများကိုလည်း တည်ဆောက်ပေးထား ဖြစ်ပါတယ်။ တင်ပြပါလုပ်ငန်းများနဲ့ပတ်သက်ပြီးတော့ ဆွမ်ပရာဘွမ်မြို့နယ်အပိုင်းအတွက် ပြည်ထောင်စုငွေလုံးငွေရင်းရန်ပုံငွေကျပ် သန်း ၇၉၀၊ ပြည်နယ်ရန်ပုံငွေကျပ် သန်း ၈၅ စုစုပေါင်းကျပ် ၈၇၅ သန်းနဲ့ ကျောက်လမ်းခင်ခြင်း ၅ မိုင် ၁ ဖာလုံ၊ ကတ္တရာထပ်ပိုးလွှာတင်ခြင်း ၁ မိုင်၊ ပေနဲ့အောက် ၄၀ သံကူကွန်ကရစ်တံတား လေး စင်းတည်ဆောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ရာမှာ ၁၀၀ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးပြီ ဖြစ်ပါတယ်။ မြစ်ကြီးနား-ဆွမ်ပရာဘွမ်-ပူတာအိုလမ်းကို အိန္ဒိယချေးငွေအကူအညီ အမေရိကန်ဒေါ်လာ ၁၂၀ သန်းအနက်မှ အမေရိကန်ဒေါ်လာ ၅၀ သန်းနဲ့ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်မှာ လမ်းအဆင့်မြှင့်တင်ခြင်းလုပ်ငန်း ဆောင်ရွက်ရန် ပြည်ထောင်စုလွှတ်တော်သို့ တင်ပြထားပါတယ်။ လုပ်ငန်းများဆောင်ရွက်ရန် ပထမအဆင့်အနေနဲ့ အိန္ဒိယအစိုးရမှ အထောက်အပံ့ရရှိတဲ့ အမေရိကန်ဒေါ်လာ ရှစ် သန်းနဲ့ စီမံကိန်းဖြစ်မြောက်နိုင်စွမ်းလေ့လာမှု (Feasibility Study-F.S) နဲ့စီမံကိန်းအသေးစိတ်တင်ပြချက် Detail Project Report (D.P.R) ဆောင်ရွက်ရန် အိန္ဒိယကုမ္ပဏီများအား တင်ဒါခေါ်ယူခြင်းအား The New Light of Myanmar သတင်းစာမှာ ၁၆-၁-၂၀၁၅၊ ၁၉-၁-၂၀၁၅နဲ့ ၂၀-၁-၂၀၁၅ နေ့တို့မှာထည့်သွင်းကြော်ငြာထားပြီး ဖြစ်ပါတယ်။ တင်ဒါပုံစံများကို ၂၆-၁-၂၀၁၅ ရက်နေ့မှ ၃၀-၁-၂၀၁၅ နေ့အထိ ရောင်းချခဲ့ပြီး ၂၄-၂-၂၀၁၅ ရက်နေ့မှာ F.S နဲ့ D.P.R ဆောင်ရွက်ရန် အိန္ဒိယကုမ္ပဏီများအား တင်ဒါဖွင့်လှစ်ရွေးချယ်သွားမှာ ဖြစ်ပါတယ်။ တင်ဒါ

ရွေးချယ်ပြီးပါက အိန္ဒိယချေးငွေနဲ့ အကောင်အထည်ဖော်ဆောင်ရွက်ရန် အိန္ဒိယအစိုးရနဲ့ ညှိနှိုင်း ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့အနေနဲ့လည်း ကချင်ပြည်နယ် အမြန်ဆုံးဖွံ့ဖြိုးတိုးတက်စေရန်အတွက် အဓိကကျတဲ့ ပြည်ထောင်စုလမ်းမကြီးဖြစ်တဲ့ ရွှေဘို-မြစ်ကြီးနားလမ်း၊ မြစ်ကြီးနား-ဆွမ်ပရာဘွမ်- ပူတာအိုလမ်းများကို နှစ်စဉ်ရန်ပုံငွေများထည့်သွင်းပြီးတော့ ကျွန်တော်တို့ ဆောင်ရွက်ခဲ့တာဖြစ်သော်လည်း ဒေသရဲ့အခြေအနေအရ အချို့နှစ်များမှာ ကျွန်တော်တို့ မှန်းသလောက် ဆောင်ရွက်နိုင်ခြင်းမရှိခဲ့တဲ့အတွက် ရန်ပုံငွေများကိုလည်း လွှဲပြောင်းသုံးစွဲခဲ့ရတာလည်း ရှိခဲ့ပါတယ်။ ဒါကြောင့် ဒီ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်မှာတော့ မြစ်ကြီးနား- ဆွမ်ပရာဘွမ်လမ်းကို ပြည်ထောင်စုငွေလုံးငွေရင်းရန်ပုံငွေကျပ်သန်း ၅၀၀၀၊ ပြည်နယ်ရန်ပုံငွေကျပ် ၁၁၄၃၆.၅ သန်း စုစုပေါင်း ကျပ်သန်းပေါင်း ၁၆၄၃၆.၅ သန်းနဲ့ လမ်း၊ တံတားအဆင့်မြှင့်တင်ခြင်းလုပ်ငန်းများ ဆက်လက်ဆောင်ရွက်သွားရန်လျာထားတင်ပြတောင်းခံထားပါကြောင်း လေးစားစွာ တင်ပြအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**နိုင်ငံတော်အစိုးရအနေဖြင့် အမျိုးသားသယ်ယူပို့ဆောင်ရေး မဟာစီမံကိန်းကို မည်သို့ရေးဆွဲ၍ မည်သို့အကောင်အထည်ဖော်မည်ကို သိလိုခြင်းနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဦးသန်းမြင့်၊ ဝမ်းတွင်းမဲဆန္ဒနယ်က မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးသန်းမြင့်(ဝမ်းတွင်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုအဖွဲ့ဝင်များ၊ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော့်အနေနဲ့ ဒီနေ့မေးမြန်းသွားမှာကတော့ အမျိုးသားသယ်ယူပို့ဆောင်ရေး မဟာစီမံကိန်းမည်ကဲ့သို့ရေးဆွဲပြီးတော့ မည်ကဲ့သို့ အကောင်အထည်ဖော်မည်ကို သိရှိလိုကြောင်းမေးခွန်းကိုမေးမြန်းသွားမှာ ဖြစ်ပါတယ်။ အာဆီယံရဲ့ ယှဉ်ပြိုင်နိုင်စွမ်းအားကောင်းလာစေရေးနှင့် ဒေသအတွင်းပေါင်းသင်းဆက်ဆံမှု မြှင့်တင်ရေးအတွက် အာဆီယံအဝေးပြေးလမ်းမကွန်ယက် စင်ကာပူ-ကူမင်းရထားလမ်းချိတ်ဆက်မှု၊ အာဆီယံရဲ့ တစ်ခုတည်းသောလေကြောင်းပို့ဆောင်ရေးဈေးကွက်၊ အာဆီယံရဲ့တစ်ခုတည်းသော ပင်လယ်ရေကြောင်းပို့ဆောင်ရေးဈေးကွက် ပဏာမခြေလှမ်းများကို ပြီးစီးမှုအပါအဝင် အကျိုးများတဲ့၊ စိတ်ချရတဲ့၊ ရေရှည်ခံတဲ့ ဘက်စုံသယ်ယူပို့ဆောင်ရေးစနစ်တကျဖွံ့ဖြိုးတိုးတက်ဖို့အတွက် အာဆီယံခေါင်းဆောင်များက ၎င်းတို့ရဲ့ ကတိကဝတ်များကို အတည်ပြုခဲ့ပြီးဖြစ်ပါတယ်။ အကြိမ် (၂၀) မြောက် အာဆီယံ

ပို့ဆောင်ရေးဝန်ကြီးများအစည်းအဝေးမှာ ၂၀၁၆ ခုနှစ် မှ ၂၀၂၅ ခုနှစ်အထိ အာဆီယံပို့ဆောင်ရေး ပူးပေါင်းဆောင်ရွက်မှု ရည်မှန်းချက်ချမှတ်ခြင်း၊ အာဆီယံတစ်ခုတည်းသော ရေကြောင်းပို့ဆောင်ရေး ဈေးကွက်အကောင်အထည်ဖော်ရေးမူဘောင်ချမှတ်ခြင်းနဲ့ ရေနံယိုဖိတ်မှုပူးတွဲကြိုတင် ကာကွယ်ရေး နဲ့ တုံ့ပြန်ဖြေရှင်းရေး အာဆီယံလုပ်ထုံးလုပ်နည်းဆိုင်ရာ နားလည်မှုစာချွန်လွှာလက်မှတ်ရေးထိုးနိုင်ခဲ့ ပါတယ်။ ဖွံ့ဖြိုးမှုနည်းပါးတဲ့ဒေသများက လမ်းပန်းကောင်းမွန်ရေးဟာ ဆင်းရဲနွမ်းပါးမှုလျှော့ချရေး၊ ဖွံ့ဖြိုးတိုးတက်မှုကွာဟချက်ကို လျော့နည်းစေပြီးတော့ ဒေသခံများရဲ့ လူနေမှုအဆင့်အတန်းကိုလည်း မြင့်မားစေမှာဖြစ်ပါတယ်။ ဖွံ့ဖြိုးမှုနောက်ကျတဲ့လူများဟာ ကားလမ်း၊ ရထားလမ်းမရှိတဲ့ ကျေးရွာများ မှလူများ၊ ဝေးလံခေါင်ဖျားပြီးတော့ တောတောင်ထူထပ်တဲ့ဒေသမှ လူများဖြစ်ကြပါတယ်။ ၎င်းဒေသခံ များဟာ ဆင်းရဲတွင်းနက်တဲ့အပြင် အာဟာရချို့တဲ့တာတွေ၊ မိခင်၊ ကလေးသေနှုန်း မြင့်မားတာတွေ၊ ကျောင်းနေနိုင်မှုစာတတ်မြောက်မှုများ နိမ့်ကျနေတာတွေ တွေ့ရှိရပါတယ်။ လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်ပါမှ ပညာရေး၊ ကျန်းမာရေး၊ အခြားဝန်ဆောင်မှုများပါ တိုးတက်မြင့်မားလာမှာဖြစ်ပါတယ်။ အဲ့ဒါကြောင့် နိုင်ငံတော်အစိုးရအနေနဲ့ အမျိုးသားသယ်ယူပို့ဆောင်ရေး မဟာစီမံကိန်းကို မည်ကဲ့သို့ ရေးဆွဲပြီးတော့၊ မည်ကဲ့သို့ အကောင်အထည်ဖော်မှာကို လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ် ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနက ပြန်လည်ရှင်းလင်းဖြေကြားဖို့ ဖြစ်ပါ တယ်။

**ဖြေကြားချက်**

**ဦးဟံဇိန်(ဒုတိယဝန်ကြီး၊ ပို့ဆောင်ရေးဝန်ကြီးဌာန)**။ ။ ရိုသေလေးစားအပ်ပါသော ပြည်သူ့ လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာ ကြပါစေကြောင်း ဆုတောင်းမေတ္တာပို့သအပ်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ ပို့ဆောင်ရေးဝန်ကြီး ဌာန၊ ဒုတိယဝန်ကြီး ဦးဟံဇိန် ဖြစ်ပါတယ်။ မန္တလေးတိုင်းဒေသကြီး၊ ဝမ်းတွင်းမဲဆန္ဒနယ် ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ် ဦးသန်းမြင့်ရဲ့ နိုင်ငံတော်အစိုးရအနေဖြင့် အမျိုးသားသယ်ယူပို့ဆောင်ရေး မဟာစီမံကိန်းကို မည်သို့ရေးဆွဲ၍ မည်သို့အကောင်အထည်ဖော်မည်ကိုသိလိုခြင်းဆိုတဲ့ မေးခွန်းနှင့် ပတ်သက်ပြီးတော့ ပြည်ထောင်စုဝန်ကြီးကိုယ်စား ပြန်လည်ဖြေကြားသွားမှာ ဖြစ်ပါတယ်။ ကျွန်တော် တို့ ပို့ဆောင်ရေးဝန်ကြီးဌာနဟာ လေကြောင်း၊ ရေကြောင်းပို့ဆောင်ရေးကဏ္ဍများ ဖွံ့ဖြိုးတိုးတက်

ရေးအပြင် ဆက်စပ်နေတဲ့ ကုန်းလမ်း၊ မီးရထား၊ ပို့ဆောင်ရေးကဏ္ဍအသီးသီးနှင့်ချိတ်ဆက်ပြီး ပေါင်းစည်းထားတဲ့ သယ်ယူပို့ဆောင်ရေးစနစ် ရေရှည်နှင့် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်စေရေးတို့ အတွက် ကြိုးပမ်းဆောင်ရွက်ရာမှာ အဓိကလိုအပ်နေတဲ့ မဟာစီမံကိန်း သို့မဟုတ် ပင်မစီမံကိန်း (Master Plan)တစ်ရပ်ကို ပြည်ပမိတ်ဆွေနိုင်ငံများရဲ့ အကူအညီနဲ့ ရေးဆွဲဖို့နည်းလမ်းစုံဖြင့် ကြိုးပမ်း ဆောင်ရွက်ခဲ့ပါတယ်။ အဲ့ဒီလိုကြိုးပမ်းမှုရဲ့ရလဒ်အဖြစ် ပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ရဲ့ ဂျပန်နိုင်ငံ မြေယာ၊ အခြေခံအဆောက်အအုံ၊ ပို့ဆောင်ရေးနှင့်ခရီးသွားလာရေး ဝန်ကြီးဌာန (Ministry of Land Infrastructure Transport and Tourism)ရဲ့ ဖိတ်ကြားချက်အရ ၂၀၁၂ ခုနှစ်၊ နိုဝင်ဘာလ ၁၉ ရက်နေ့ကနေ ၂၃ ရက်နေ့အထိ ဂျပန်နိုင်ငံသို့ ချစ်ကြည်ရေးခရီးသွားရောက်ခဲ့တဲ့ ခရီးစဉ်အတွင်းမှာ Memorandum on Cooperation in the field of Transportation နားလည်မှုစာချွန်လွှာကို MLITရဲ့ဝန်ကြီး Mr.Yuichiro Hata နဲ့ လက်မှတ်ရေးထိုးနိုင်ခဲ့ပါတယ်။

အဲ့ဒီနားလည်မှုစာချွန်လွှာမှာပါရှိတဲ့ ပို့ဆောင်ရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးပူးပေါင်းဆောင်ရွက် မှုလုပ်ငန်းစဉ်များအရ မြန်မာနိုင်ငံ၏ပို့ဆောင်ရေးကဏ္ဍ ရေရှည်နှင့်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက် စေရေးအတွက် ပို့ဆောင်ရေးနည်းလမ်းအားလုံးပါဝင်တဲ့ အမျိုးသားပို့ဆောင်ရေးပင်မစီမံကိန်း (National Transport Master Plan) တစ်ရပ်ရေးဆွဲရန် ညှိနှိုင်းခဲ့ပါတယ်။ ဒီ Master Plan ရေးဆွဲနိုင်ရေးအတွက် ပို့ဆောင်ရေးဝန်ကြီးဌာန၊ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ရထားပို့ဆောင်ရေး ဝန်ကြီးဌာနနှင့် အခြားဆက်စပ်တဲ့ဌာနများမှ ကိုယ်စားလှယ်များပါဝင်တဲ့ Joint Coordination Committee(JCC)ကို ၂၀၁၂ ခုနှစ်၊ ဒီဇင်ဘာလ ၁၄ ရက်နေ့မှာ မြန်မာနိုင်ငံဘက်က ကိုယ်စားလှယ် ၁၇ ဦး၊ ဂျပန်ဘက်ကကိုယ်စားလှယ် ၂၉ ဦး စုစုပေါင်းအဖွဲ့ဝင် ၄၆ ဦးဖြင့်ဖွဲ့စည်းခဲ့ပြီးတော့ ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးမှ ပူးတွဲဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ခဲ့ပါတယ်။ Master Plan ရေးဆွဲနိုင်ရေးအတွက် ပို့ဆောင်ရေးနည်းလမ်းတစ်ခုချင်းကို Survey ပြုလုပ်ပြီးတော့ ပဏာမ ကောက်ယူရရှိတဲ့ အချက်အလက်များအပေါ်မှာအခြေခံပြီးတော့ ပထမမူကြမ်းကို ၂၀၁၃ ခုနှစ်၊ နိုဝင်ဘာလ ၂၅ ရက်နေ့မှာလည်းကောင်း၊ ဒုတိယမူကြမ်းကို ၂၀၁၄ ခုနှစ်၊ ဇန်နဝါရီလ ၁၈ ရက်နေ့မှာ လည်းကောင်း၊ တတိယမူကြမ်းကို မတ်လ ၁၃ ရက်နေ့မှာလည်းကောင်း၊ အပြီးသတ်မူကြမ်းကို စက်တင်ဘာလ ၁၆ ရက်နေ့မှာလည်းကောင်း အဆင့်ဆင့်ပြုစုခဲ့ပါတယ်။

Master Plan ရေးဆွဲနေတဲ့ တစ်ချိန်တည်းမှာပဲ ကျွန်တော်တို့သယ်ယူပို့ဆောင်ရေးကဏ္ဍ အလျင်အမြန်အကောင်အထည်ဖော် ဆောင်ရွက်ရန်လိုအပ်တဲ့ Rehabilitation and Modernization of Yangon-Mandalay Railway၊ Inland Water Transport Facilities Improvement and Development in Mandalay ဆိုတဲ့ ဖြစ်မြောက်နိုင်စွမ်းလေ့လာမှုများကိုလည်း ဆောင်ရွက်နိုင်ခဲ့ ပါတယ်။ အမျိုးသားပို့ဆောင်ရေးပင်မစီမံကိန်းရေးဆွဲနိုင်ခဲ့တဲ့အတွက် ပို့ဆောင်ရေးကဏ္ဍစဉ်ဆက် မပြတ်ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးမျှော်မှန်းချက်များ၊ မဟာဗျူဟာများ ရေးဆွဲဆောင်ရွက်ခြင်း၊ အမျိုးသားပို့ဆောင်ရေးကွန်ရက်တည်ထောင်ခြင်း၊ ပို့ဆောင်ရေးကဏ္ဍစီမံကိန်း များနှင့်ရင်းနှီးမြှုပ်နှံမှုများကို ထိရောက်စွာညှိနှိုင်းပေးနိုင်မည့် အမျိုးသားအဆင့်လုပ်ငန်းကော်မတီ တစ်ရပ်ဖွဲ့စည်းအကောင်အထည်ဖော်ခြင်း၊ ပို့ဆောင်ရေးကဏ္ဍအခြေခံအဆောက်အဦများ ဖွံ့ဖြိုး တိုးတက်စေခြင်းဖြင့် သဘာဝပတ်ဝန်းကျင်အပေါ် သက်ရောက်မှုများကို ကောင်းမွန်သည့် အစီအမံ များရေးဆွဲ၍ လျှော့ချသွားခြင်း၊ ပို့ဆောင်ရေးကဏ္ဍ ဘေးကင်းလုံခြုံမှုအစီအမံများကို အပြည်ပြည် ဆိုင်ရာစံနှုန်းများနှင့်ကိုက်ညီစေရေးအတွက် မြှင့်တင်ဆောင်ရွက်ခြင်း၊ ပို့ဆောင်ရေးကဏ္ဍတွင် ပုဂ္ဂလိကကဏ္ဍပါဝင်ဆောင်ရွက်မှုကို တွန်းအားပေးဆောင်ရွက်ခြင်း၊ ဘေးကင်းလုံခြုံပြီးယုံကြည်စိတ်ချ ရသည့် ဈေးနှုန်းသင့်တင့်သော ပို့ဆောင်ရေးဝန်ဆောင်မှုလုပ်ငန်းများဖြင့် အခြားကဏ္ဍများ၏ ဖွံ့ဖြိုး တိုးတက်မှုများကို အထောက်အကူပြုခြင်းဆိုတဲ့ ရည်မှန်းချက်များကို စနစ်တကျအကောင်အထည်ဖော် ဆောင်ရွက်သွားနိုင်မှာ ဖြစ်ပါတယ်။

ဒီပင်မစီမံကိန်းရဲ့ ထူးခြားတဲ့ဝိသေသ(၂)ရပ်မှာ နှစ်ပေါင်းများစွာကာလအတွင်း မြန်မာနိုင်ငံ၌ ပထမဦးဆုံးရေးဆွဲခဲ့တဲ့ ကုန်း၊ ရေ၊ လေ ပို့ဆောင်ရေးနည်းလမ်းများအားလုံးပါဝင်တဲ့ နှစ်ရှည်စီမံကိန်း တစ်ခုဖြစ်ခြင်းနှင့် မြန်မာနိုင်ငံအဝှမ်းအား ဖြန့်ကျက်ထားတဲ့ သယ်ယူပို့ဆောင်ရေး စင်္ကြံ Transport Corrector ၁၀ ခု ရေးဆွဲသတ်မှတ်ပြီးတော့ စင်္ကြံအလိုက် ပို့ဆောင်ရေးစနစ်များ ဖွံ့ဖြိုးတိုးတက်စေ ရန် ဆောင်ရွက်သွားမယ့်အစီအမံဖြစ်ခြင်းတို့ပဲ ဖြစ်ပါတယ်။ ဒီပင်မစီမံကိန်းမှာ လေကြောင်းပို့ဆောင် ရေးစီမံကိန်း ၃၂ ခု၊ ရေကြောင်းပို့ဆောင်ရေးစီမံကိန်း ၁၅ ခု၊ ပြည်တွင်းရေကြောင်းပို့ဆောင်ရေး စီမံကိန်း ၃၃ ခု၊ ရထားပို့ဆောင်ရေးစီမံကိန်း ၁၄ ခု၊ ကုန်းလမ်းပို့ဆောင်ရေးစီမံကိန်း ၄၈ ခု စုစုပေါင်း ပို့ဆောင်ရေးစီမံကိန်း ၁၄၂ ခုကို နှစ်အလိုက်အကောင်အထည်ဖော်နိုင်စေရန် သုံးသပ်ရေးဆွဲထား ပါတယ်။ ဒီပင်မစီမံကိန်းရဲ့ အပြီးသတ်မူကြမ်းကို ကျွန်တော်တို့ ၂၀၁၄ ခုနှစ်၊ ဒီဇင်ဘာလ ၄ ရက်နေ့က ကျင်းပခဲ့တဲ့ ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေးအမှတ်စဉ်(၂၄/၂၀၁၄)မှာ အတည်ပြုခဲ့ပြီး ဖြစ်ပါ

**မူကြမ်း**

တယ်။ ဆက်လက်ပြီးတော့ ပြည်ထောင်စုလွှတ်တော်သို့ တင်ပြအတည်ပြုချက်ရယူနိုင်ရေး လုပ်ထုံးလုပ်နည်းနှင့် အညီတင်ပြနိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်းလည်း တင်ပြအပ်ပါတယ်။ ပြည်ထောင်စုလွှတ်တော်၏ အတည်ပြုချက်ရရှိပါက Master Plan ပါစီမံကိန်းများကို ဦးစားပေးအဆင့်အလိုက်သုံးသပ်၍ အကောင်အထည်ဖော်ဆောင်ရွက်သွားမည် ဖြစ်ပါတယ်။ ပင်မစီမံကိန်းပါလုပ်ငန်းစဉ်များ အကောင်အထည်ဖော်မှုနှင့်ကြီးကြပ်မှုအတွက် ပို့ဆောင်ရေးဝန်ကြီးဌာန၊ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာနတို့အပါအဝင် အခြားပို့ဆောင်ရေးကဏ္ဍများ ဆက်စပ်လျက်ရှိတဲ့ဝန်ကြီးဌာနများနှင့် အဖွဲ့အစည်းများမှ တာဝန်ရှိသူများပါဝင်၍ အမျိုးသားအဆင့်ဗဟိုကော်မတီတစ်ရပ်ကို ဖွဲ့စည်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ်။ အားလုံးကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီနေ့အတွက် မေးခွန်းများ မေးမြန်း၊ ဖြေကြားခြင်းအစီအစဉ် ပြီးဆုံးပါပြီ။

**ဦးထန်းလိန်း၊ မင်းတပ်မဲဆန္ဒနယ်က မြန်မာနိုင်ငံ သဘာဝပတ်ဝန်းကျင်နှင့် မြစ်၊ ချောင်း၊ အင်း၊ အိုင်များ စတင်ဖြစ်တည်ရာဒေသများ ရေရှည်ထိန်းသိမ်းကာကွယ်စောင့်ရှောက်နိုင်ရန်အတွက် သဘာဝဂေဟစနစ်နှင့် မြေမျက်နှာသွင်ပြင်အပေါ်အခြေခံသည့် မြေစီမံခန့်ခွဲမှု မူဝါဒ ရေးဆွဲချမှတ်ဆောင်ရွက်သွားရန် ပြည်ထောင်စုအစိုးရသို့တိုက်တွန်းကြောင်း အဆိုတင်သွင်းခြင်းနှင့် လွှတ်တော်၏အဆုံးအဖြတ်ရယူခြင်း**

**ဥက္ကဋ္ဌ။** ။ အစီအစဉ် ၇ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မင်းတပ်မဲဆန္ဒနယ်မှ ဦးထန်းလိန်းက အဆိုတစ်ရပ်တင်သွင်းထားပါတယ်။ အဆိုတင်သွင်းဖို့ ဦးထန်းလိန်းအား ဖိတ်ခေါ်ပါတယ်။

**ဦးထန်းလိန်း(မင်းတပ်မဲဆန္ဒနယ်)။** ။ လေးစားအပ်တဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဝန်ကြီးဌာနမှ ဒုတိယဝန်ကြီးများ၊ ဧည့်သည်တော်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ချင်းပြည်နယ်၊ မင်းတပ်မဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးထန်းလိန်းဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးရဲ့ခွင့်ပြုချက်အရ ကျွန်တော်တင်သွင်းမယ့်အဆိုကတော့ မြန်မာနိုင်ငံ သဘာဝပတ်ဝန်းကျင်နှင့် မြစ်၊ ချောင်း၊ အင်း၊ အိုင်များစတင်ဖြစ်တည်ရာဒေသများ ရေရှည်ထိန်းသိမ်းကာကွယ်စောင့်ရှောက်နိုင်ရန်အတွက် သဘာဝ

ဂေဟစနစ်နှင့် မြေမျက်နှာသွင်ပြင်အပေါ်အခြေခံသည့် မြေစီမံခန့်ခွဲမှုမူဝါဒရေးဆွဲချမှတ် ဆောင်ရွက်သွားရန် ပြည်ထောင်စုအစိုးရသို့ တိုက်တွန်းကြောင်းအဆိုပဲ ဖြစ်ပါတယ်။

လေးစားအပ်တဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ မြန်မာနိုင်ငံမှာတွေ့ရှိနိုင်တဲ့ သဘာဝဂေဟစနစ်များကတော့ တောင်ပေါ်ဒေသဂေဟစနစ်(Hill Ecosystem)၊ ရေတိမ်ဒေသဂေဟစနစ် (Wetland Ecosystem)၊ အပူပိုင်းဒေသဂေဟစနစ်(Dryzone Ecosystem)နှင့် အပူပိုင်းမုတ်သုံသစ်တော ဂေဟစနစ်(Tropical Rain Forest Ecosystem)တို့ပဲဖြစ်ပါတယ်။ မည်သည့်သယံဇာတမဆိုထိန်းသိမ်းကာကွယ်မှုမပြုဘဲ အတိုင်းအဆမရှိထုတ်ယူသုံးစွဲမယ်ဆိုရင် သဘာဝဘေးအန္တရာယ်ဆိုးများမလွဲမသွေတွေ့ကြုံခံစားကြရမှာပဲ ဖြစ်ပါတယ်။ လူသားတို့ရဲ့ ရှူရှိုက်ရတဲ့လေ၊ သောက်သုံးရတဲ့ရေ၊ စားသောက်ရတဲ့ရိက္ခာနှင့် နေထိုင်ရတဲ့အဆောက်အဦတွေကို အထက်ဖော်ပြခဲ့တဲ့စနစ်များကသာပံ့ပိုးရပါတယ်။ ဂေဟဗေဒစနစ်တစ်ခုပျက်စီးပြီး အစာကွင်းဆက်တစ်နေရာပြတ်တောက်သွားမယ်ဆိုရင် အစာရေစာခေါင်းပါးမှု၊ လူမှုစီးပွားနိမ့်ကျမှု၊ အသိတရားချို့တဲ့မှုနှင့်အတူ ပတ်ဝန်းကျင်ယိုယွင်းပျက်စီးမှုဆိုးကျိုးများ ဆက်တိုက်ခံစားကြရမှာဖြစ်ပါတယ်။ သဘာဝဂေဟစနစ်များ ရေရှည်တည်တံ့စေတဲ့ဖွံ့ဖြိုးတိုးတက်မှုကိုဖော်ဆောင်နိုင်တဲ့ စီးပွားရေး၊ လူမှုရေး၊ ပညာရေးစတဲ့ကဏ္ဍများ ဘက်စုံဖွံ့ဖြိုးတိုးတက်စေရန် လူသားအားလုံးက သမိုင်းပေးတာဝန်အဖြစ် ခံယူဆောင်ရွက်ကြရန်လိုအပ်ကြောင်း ဆွေးနွေးတင်ပြအပ်ပါတယ်။

လေးစားအပ်တဲ့ လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ မြေအသုံးချမှုမူဝါဒနှင့်ပတ်သက်ပြီး ဆွေးနွေးပါမယ်။ တောင်တန်းဒေသများဟာ ပထဝီအနေအထားနှင့် မြေမျက်နှာသွင်ပြင်အရ သဘာဝသယံဇာတများပေါကြွယ်ဝတဲ့ဒေသဖြစ်ပါတယ်။ မြေမျက်နှာသွင်ပြင်အလိုက် ဒေသခံမျိုးနွယ်စုများရဲ့ လူမှုရေး၊ စီးပွားရေး၊ ပညာရေး ဘက်စုံဖွံ့ဖြိုးတိုးတက်စေရန် ပတ်ဝန်းကျင်ဆိုင်ရာမူဘောင်များနှင့် ပေါင်းစပ်ပြီး ဖွံ့ဖြိုးရေးအစီအစဉ်များရေးဆွဲနိုင်ရန် ကွင်းဆင်းလေ့လာပြီးတော့ မြေအသုံးချမှုအတွက် ဥပဒေ၊ နည်းဥပဒေ၊ မူဝါဒနှင့်ညွှန်ကြားချက်များ ချမှတ်ဆောင်ရွက်လျက် အဆင့်ဆင့်ဖော်ဆောင်အကောင်အထည်ဖော်ဆောင်ရွက်သင့်ပါတယ်။ ပင်လယ်ရေမျက်နှာပြင် ပေ ၃၀၀၀ အထိ မြေအသုံးချမှုသတ်မှတ်ရေးဖြစ်ပါတယ်။ ဤဒေသဟာ အပူပိုင်းမုတ်သုံဒေသစနစ် အများဆုံးတွေ့ရတဲ့အပိုင်းဖြစ်ပါတယ်။ မျိုးသုဉ်းမယ့်အန္တရာယ်ကျရောက်နေတဲ့ တောဆင်၊ ကျား၊ ကျားသစ်နှင့်အခြားရှားပါးတဲ့ သားငှက်တိရစ္ဆာန်များကျက်စားလျက်ရှိတဲ့ ဒေသအပိုင်းအခြားဖြစ်ပါတယ်။ ၎င်းတို့အတွက် သဘာဝနယ်မြေအဖြစ် သတ်မှတ်

ပြီးတော့ သဘာဝအခြေခံခရီးသွားဝန်ဆောင်မှုလုပ်ငန်း ဆောင်ရွက်သင့်ပါတယ်။ အဖိုးတန်သစ်နှင့် သစ်မဟုတ်တဲ့အဖိုးတန်ပစ္စည်းများ စိုက်ပျိုးထုတ်လုပ်ခြင်း၊ လယ်ယာမြေဖော်ထုတ်ခြင်း၊ ကုန်းမြင့် လယ်ယာဖော်ထုတ်ခြင်းလုပ်ငန်းများနှင့် စီမံကိန်းရေးဆွဲလျက် ဒေသဝမ်းစာဖူလုံရေးအတွက် စီမံ ဆောင်ရွက်သင့်တဲ့အပိုင်းဖြစ်ပါတယ်။

ပင်လယ်ရေမျက်နှာပြင် ပေ ၃၀၀၀ ကနေ ပေ ၄၅၀၀ အထိ မြေအသုံးချမှုစနစ်သတ်မှတ်ရေး ဖြစ်ပါတယ်။ အပူပိုင်းဒေသနှင့်တောင်ပေါ်ဂေဟစနစ်များပါဝင်ပြီးတော့ သဘာဝအလျောက်ပေါက် ရောက်ဖြစ်ထွန်းတဲ့ အဖိုးတန်သဘာဝအပင်များဖြစ်တဲ့ သစ်မွှေး၊ ဆေးဖက်ဝင်သစ်ခွ၊ ထင်ရှူးပင်နှင့် အခြား ဆေးဘက်ဝင်အပင်များဖြစ်ထွန်းတဲ့ဂေဟဒေသ ဖြစ်ပါတယ်။ နှစ်ရှည်ပင်များဖြစ်တဲ့ ကော်ဖီပင်၊ ထောပတ်ပင်၊ လိမ္မော်ပင်၊ ရှောက်ပင်၊ လက်ဖက်ပင်အပြင် ဝဥနှင့်ပိန်းဥစတဲ့ စိုက်ပျိုးဖြစ်ထွန်းတဲ့ဒေသ အပိုင်းအခြားလည်းဖြစ်ပါတယ်။ သီးနှံနှင့်သစ်တောရောနှောစိုက်ပျိုးတဲ့စနစ် ကျင့်သုံးဆောင်ရွက်နိုင် တဲ့ဂေဟအပိုင်းအခြားဖြစ်ပါတယ်။ ပင်လယ်ရေမျက်နှာပြင် ပေ ၄၅၀၀ ကနေ ပေ ၆၀၀၀ အထိ မြေ အသုံးချမှုစနစ်သတ်မှတ်ရေး၊ တောင်ပေါ်ဒေသဂေဟစနစ်ဖြစ်တည်ရာဒေသဖြစ်ပြီးတော့ မြေအသုံးချ မှုကို အထူးဂရုစိုက်ပြီးဖော်ထုတ်အကောင်အထည်ဖော်ရန် လိုအပ်ပါတယ်။ ရေကောင်းရေသန့်ထုတ် ပေးတဲ့မြစ်ချောင်းများရဲ့ အရင်းအမြစ်နေရာဒေသဖြစ်တဲ့အတွက် သစ်တောသစ်ပင်များ ခုတ်လှဲခြင်း၊ စိုက်ပျိုးမြေအတွက် ရွေးချယ်အသုံးပြုရန် လုံးဝမသင့်လျော်တဲ့အပိုင်းဖြစ်ပါတယ်။ သဘာဝတော အတွင်း အရိပ်ကြိုက်တဲ့သဘာဝအပင်စိုက်ပျိုးရေးကို စနစ်တကျဆောင်ရွက်သင့်တဲ့ နေရာဒေသဖြစ်ပါ တယ်။ သဘာဝကိုထိန်းသိမ်းပြီးတော့မှ သဘာဝအခြေခံခရီးသွားလုပ်ငန်းကို သတိကြီးစွာနှင့် စဉ်းစား ရွေးချယ်ဆောင်ရွက်ရမယ့်အပိုင်းအခြားဖြစ်ပါတယ်။

ပင်လယ်ရေမျက်နှာပြင် ပေ ၆၀၀၀ နှင့်အထက် မြေအသုံးချမှုစနစ်သတ်မှတ်ရေး တောင်ပေါ် ဒေသဂေဟစနစ်ဖြစ်ပြီးတော့ မြန်မာနိုင်ငံတစ်နိုင်ငံလုံးအတွက်သာမကဘဲ ကမ္ဘာကိုကိုယ်စားပြုတဲ့ ထူးခြားတဲ့ဇီဝမျိုးစုံမျိုးကွဲများနှင့် ၎င်းတို့ကျက်စားရာဒေသဖြစ်တဲ့အတွက် အလွန်အရေးကြီးတဲ့ဒေသ အပိုင်းအခြားဖြစ်ပြီးတော့ သဘာဝထိန်းသိမ်းရေးနယ်မြေအဖြစ် သတ်မှတ်ကာကွယ်သွားရမယ့် အပိုင်း အခြားဖြစ်ပါတယ်။ ကမ္ဘာပေါ်မှာထင်ရှားပြီးတော့ ပျောက်ကွယ်တိမ်ကောလုနီးပါးဖြစ်တဲ့ မျက်ခုံးမွေး ဖြူငှက်ပြာခြောက်၊ ပုတ်သင်၊ ပိုတင်တီလာမြက်ပင်နှင့် တောင်ဇလပ်ဝါစသည်တို့ကို တွေ့ရှိနိုင်တဲ့ဂေဟ အပိုင်းအခြားလည်းဖြစ်ပါတယ်။ ဒီဒေသမှာရှိပြီးတော့ သွားလာရန်ခက်ခဲတဲ့နေရာတွေမှာ သိပ္ပံပညာ

ဆိုင်ရာသုတေသနပြုလုပ်ရန်အတွက် အလားတူမျိုးစိတ်ပင်များ ရှိနိုင်ပါသေးတယ်။ မြန်မာနိုင်ငံမှာရှိတဲ့ဒေသမျိုးစိတ်များ ရေရှည်တည်တံ့အောင်ထိန်းသိမ်းပြီး သဘာဝနယ်မြေအဖြစ် ကာကွယ်ထိန်းသိမ်းလျက် သဘာဝအခြေခံခရီးသွားလုပ်ငန်းဝန်ဆောင်မှုအဖြစ် တောင်တန်းဒေသများရဲ့ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးကို အကောင်အထည်ဖော်ဆောင်ရွက်သွားရန် လိုအပ်မှာဖြစ်ပါတယ်။

လေးစားအပ်တဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point နဲ့ဆက်လက်ဆွေးနွေးခွင့်ပြုပါရန် တင်ပြအပ်ပါတယ်။ ဒါကတော့ ချောင်းဘေးနားမှာ လယ်ရိုင်းတွေဖော်တာဖြစ်ပါတယ်။ ဒါဟာဝမ်းစာဖူလုံရေးအတွက် လုပ်တာဆိုပေမယ့်လည်း ပြင်ပသွင်းအားစုများတဲ့အတွက်ကြောင့် စီးပွားရေးအရတွက်ခြေမကိုက်တဲ့လုပ်ငန်းတစ်ခုဖြစ်တယ်။ ဒီနေရာမှာ လယ်လုပ်မယ့်အစား ဒါမှမဟုတ် ပိုက်ဆံပိုရနိုင်တဲ့၊ ဝင်ငွေကောင်းတဲ့ ငါးမွေးမြူရေး၊ ငါးမွေးကန်တွေလုပ်ပြီးတော့ ဆောင်ရွက်မယ်ဆိုရင် ပိုပြီးတော့အကျိုးဖြစ်ထွန်းနိုင်တဲ့ မြေအသုံးချမှုစနစ်ကို ကျင့်သုံးနိုင်တဲ့အနေအထားဖော်ပြခြင်း ဖြစ်ပါတယ်။ ဒါကတော့ ကျွန်တော်တို့ ချင်းပြည်နယ်၊ မင်းတပ်မြို့နယ် တောရွာတစ်နေရာဖြစ်ပါတယ်။ ကျွန်တော်တို့တွေ့နေရတဲ့ဟာက ဝဥစိုက်ခင်းဖြစ်ပါတယ်။ အရင်တုန်းကတော့ ဒါ ပယ်ထားတဲ့မြေတွေ၊ အခုတော့ ဝဥစိုက်ပြီးအသုံးချတဲ့အနေအထားကို တင်ပြခြင်းဖြစ်ပါတယ်။ ဒါ ဝဥပင်တွေဖြစ်ပါတယ်။ ဒီဘက်ကတော့ အပင်မရှိပဲစိုက်တဲ့ဟာ၊ ညာဘက်က အပင်နဲ့ဝဥပင်နဲ့တွဲပြီး စိုက်တဲ့အနေအထားကို ဖော်ပြခြင်းဖြစ်ပါတယ်။ ဒါကတော့ ဝဥတွေဖြစ်ပါတယ်။ ဒီဝဥကိုဖော်ပြီးတော့ သူကတော့ နှစ်စဉ်လည်းဖော်လို့ရတယ်။ သုံး၊ လေးနှစ်မှလည်းဖော်လို့ရတယ်။ အရွယ်အစားအမျိုးမျိုးဖြစ်ပါတယ်။ ဒါ ဝဥကို အခြောက်လှန်းတာ နေရောင်နဲ့သဘာဝအလျောက်အခြောက်လှန်းတာဖြစ်ပါတယ်။ အဲ့ဒါကို အခု တရုတ်နိုင်ငံတို့၊ ဂျပန်နိုင်ငံတွေကို ပို့ဖို့အတွက်သာ သဘာဝနေရောင်မှာလှန်းပြီးတော့ လုပ်နေတဲ့အနေအထား၊ သဘာဝအနေအထားဖြစ်ပါတယ်။ ဒါကတော့ ဝဥကနေ ထုတ်လုပ်တဲ့အစားအစာပေါ့။ ဒါလက်ရှိ ကျွန်တော်တို့မြန်မာနိုင်ငံမှာ ဒီလိုဆောင်ရွက်နေပြီဖြစ်ပါတယ်။ ဒါကတော့ ကျွန်တော်တို့ ပေ ၃၀၀၀ နှင့် ပေ ၄၅၀၀ အကြား၊ အဲ့ဒါကတော့ နှစ်ရှည်ပင်တွေ စိုက်လို့ရတယ်။ အထူးသဖြင့် ဒီနေရာတွေကတော့ ရွှေ့ပြောင်းတောင်ယာစနစ် သုံးလို့လည်းရတယ်။ လျှော်ခါးထစ်တောင်စောင်းတွေလည်း လုပ်လို့ရပါတယ်။ နောက်ပြီးတော့ ဒီနေရာတွေကတော့ တောင်ယာအဖြစ်နဲ့လည်း ဆက်လက်ပြီးတော့ သုံးလို့ရပါသေးတယ်။ ကော်ဖီတွေ၊ လက်ဖက်တွေလို နှစ်ရှည်ပင်တွေစိုက်ပျိုးလို့ရတဲ့ မြေအပိုင်းအခြားဖြစ်ပါတယ်။ ဒါကတော့ မတူပီမြို့ရဲ့အနေအထား ဖြစ်ပါတယ်။ ဒီတိုင်းရင်းသားတွေက ချောင်းဘေးနားမှာနေလည်း ပူတယ်ဆိုပြီး ရာသီဥတုပူတဲ့အတွက်ကြောင့်မို့လို့ ရောဂါကိုကြောက်တယ်။

တောင်ပေါ်မှာ အမြင့်မှာကျတော့လည်း ရေရှားတဲ့အတွက်ကြောင့်မနေဘူး။ ပေ ၄၀၀၀ ပတ်ဝန်းကျင်မှာပဲ အများအားဖြင့် အိမ်တွေ၊ မြို့တွေတည်ပြီးတော့၊ ရွာတွေတည်ပြီးနေတဲ့အနေအထား ရှိပါတယ်။ ဒါကတော့ မင်းတပ်မြို့ရဲ့ တစ်နေရာဖြစ်ပါတယ်။ ဒီနေရာမှာလည်းပဲ အခုနက ကျွန်တော် တင်ပြတဲ့အတိုင်းပါပဲ။ ဒါကတော့ ကျွန်တော်တို့ ထင်းရှူးတော၊ ဘယ်ဘက်ကတော့ အရင်တုန်းက အလယ်ကလိုပဲ ထင်းရှူးပင်တွေအပြည့်ရှိတယ်။ ဒါပေမယ့် သက်တမ်းကုန်သွားတဲ့အခါကျတော့ သူက တောင်ကတုံးတွေဖြစ်သွားတယ်။ ထင်းရှူးမှာသက်တမ်းရှိပါတယ်။ သက်တမ်းကုန်ရင်လည်း ဘယ်ဘက်က အနေအထားအတိုင်းဖြစ်သွားတာ။ ညာဘက်ကတော့ သူက ထင်းရှူးတောတွေ ရှိနေသေးတဲ့အနေအထားဖြစ်ပါတယ်။ ဒါကတော့ တောင်ဇလပ်ဖြူ။ တောင်ပေါ်မှာရှားပါးပြီးတော့ ရှိနေတဲ့လူတွေစိတ်ဝင်စားတဲ့တောင်ဇလပ်ဝါ၊ တောင်ဇလပ်အဖြူ ဖြစ်ပါတယ်။ ဒါကတော့ တောင်ဇလပ်အနီ ဖြစ်ပါတယ်။ သက်တမ်းက တစ်ရာကျော်ရှိနိုင်ပါတယ်။ ပန်းပွင့်ကို ဝိုင်တို့၊ ယိုတို့ပြုလုပ်ပြီးတော့ အသုံးပြုနိုင်တယ်။ သွေးအားတိုးဆေးအဖြစ်သုံးတယ်လို့ သိရပါတယ်။

ဒါကတော့ မင်းတပ်မြို့နယ်မှာရှိတဲ့ မချမ်းတောင်ခေါ်တဲ့ ရှုခင်းတစ်နေရာဖြစ်ပါတယ်။ သစ်တောတွေရှိနေသေးတဲ့သဘာဝအလှ ဒီအတိုင်းရှိနေသေးတယ်ဆိုတာကို ဖော်ပြခြင်းဖြစ်ပါတယ်။ ဒါကတော့ ဘယ်ဘက်မှာတောင်ကတုံး၊ ထင်းရှူးပင်တွေမရှိတော့ဘူး။ ညာဘက်က သစ်တောကြီးကတော့ သစ်အယ်တစ်မျိုးဖြစ်ပါတယ်။ သူ့ရဲ့သက်တမ်းက အနည်းဆုံး ၅၀၀ နှင့် ၁၀၀၀ လောက်ရှိပါတယ်။ ဒီဟာရှိတဲ့နေရာကတော့ တောင်ကတုံးဖြစ်ဖို့လည်း မလွယ်ဘူး။ ဒါကြောင့်မို့လို့ တောင်ကတုံးဖြစ်တဲ့နေရာတွေကို ဒီအပင်တွေစိုက်ပြီးတော့ ကာကွယ်ခြင်းအားဖြင့် ရေဝေရေလဲတွေကို ကာကွယ်နိုင်တယ်ဆိုတာကို ဖော်ပြပြီးတော့ရှင်းလင်းခြင်းဖြစ်ပါတယ်။ ဒါကတော့ ကျွန်တော်တို့ မင်းတပ်နှင့်မတူပီကြားကနေပြီးတွေ့နေရတဲ့ တောင်တန်းတွေရဲ့အနေအထားဖြစ်ပါတယ်။ ရေဝေရေလဲတွေဖြစ်တယ်။ အခုထိ ဒီအပင်တွေကတော့ တောတွေဒီလိုပဲရှိနေပါသေးတယ်ဆိုတဲ့အနေအထား ဖော်ပြခြင်းဖြစ်ပါတယ်။ ဒါကတော့ တောင်ပေါ်မှာအရေးကြီးတဲ့ဟာ ထိန်းသိမ်းဖို့လိုတယ်ဆိုတာကို လူငယ်တွေကနေပြီးတော့ လေ့လာနေတယ်။ သုတေသနလုပ်နေပါတယ်။ ညာဘက်မှာရှိတဲ့ မျက်ခုံးမွေးဖြူငှက်ပြာခြောက်ဆိုတာ နတ်မတောင်မှာရှိတဲ့ ကမ္ဘာမှာ ငှက်အကြောင်းစိတ်ဝင်စားတဲ့လူတွေက ဒါကိုအဓိကထားပြီးတော့ နတ်မတောင်မှာ၊ ချင်းပြည်နယ်မှာ နိုင်ငံခြားသားအများဆုံးဝင်လာဖို့ရန်အတွက် စွဲဆောင်နိုင်တဲ့ငှက်တစ်မျိုး ဖြစ်ပါတယ်။ ပိုတင်တီလာမြေကပ်ပင်ဆိုတာကတော့ တောင်ကတုံးတွေမှာ သူက မြေကြီးပေါ်မှာကပ်တယ်။ ကပ်တဲ့အတွက်ကြောင့်မို့လို့ သဘာဝပျက်စီးမှုထိန်းသိမ်းနိုင်ပါတယ်။

**မူကြမ်း**

ဒါကြောင့်မို့လို့ ဒီမြေကပ်ပင်ကလည်း နိုင်ငံခြားသားတွေ၊ ရုက္ခဗေဒပညာရှင်တွေကလေ့လာပြီးတော့ စိတ်ဝင်စားတဲ့အပင်မျိုးဖြစ်ပါတယ်။ ဒါကတော့ မုန်းချောင်းရဲ့ချောင်းဖျားဖြစ်ပါတယ်။ ဒါ မကွေးတိုင်းမှာစီးဝင်သွားတဲ့ မုန်းချောင်းရဲ့အဖျားဖြစ်ပါတယ်။ သစ်ပင်သစ်တောတွေရှိတဲ့အတွက်ကြောင့် နွေရာသီမှာ ဒီအထိစီးဆင်းနေတဲ့အနေအထားဖြစ်ပါတယ်။ မထိန်းသိမ်းနိုင်ဘူးဆိုရင်တော့ တစ်ချိန်ချိန်မှာ ခမ်းခြောက်သွားနိုင်တဲ့အနေအထားဖြစ်နိုင်ပါတယ်။ အခုတော့ လောလောဆယ် သစ်ပင်သစ်တောတွေရှိတဲ့အတွက်ကြောင့် နွေရာသီမှာ ဒီလိုစီးဆင်းနေတုန်းရှိပါတယ်။ ဒါကတော့ မင်းတပ်နှင့်မတူပီမောပီတောင်နားကဖြစ်ပါတယ်။ အဲ့ဒီမှာ ရေးရေးလေးလှမ်းတွေ့ရပါတယ်။ အဲ့ဒါကတော့ အရင်တုန်းက ကျွန်တော်တို့ တော်တော်လေးခက်ခဲတယ်။ ကျွန်တော်တို့ လွှတ်တော်စတုန်းက လွှတ်တော်ဥက္ကဋ္ဌကြီး ဒီလမ်းကိုသွားဖူးပါတယ်။ သွားတဲ့အခါ အခက်အခဲတွေ့ပြီးတော့ အခုကတ္တရာခင်းပေးလိုက်တဲ့အတွက်ကြောင့် ဒီနေရာ အခု အမြင့်ဆုံး ပေ ၈၀၀၀ ကျော်ရှိပေမယ့်လည်း ကတ္တရာလမ်းနှင့် အခုသွားလာနိုင်တဲ့နေရာအနေအထား ဖြစ်ပါတယ်။ တောင်ကတုံးတွေဖြစ်ပါတယ်။ အဲ့ဒီဟာတွေက အရင်တုန်းက ထင်းရှူးတောဖြစ်တယ်။ ဒါပေမယ့် ထင်းရှူးက သက်တမ်းကုန်သွားတဲ့အတွက်ကြောင့် မို့လို့ အခုမရှိတော့ဘူး။ အဲ့ဒီနေရာမှာ ကျွန်တော်တင်ပြခဲ့တဲ့ သစ်အယ်ပင်တွေနဲ့အစားထိုးပြီးတော့ စိုက်မယ်ဆိုရင်တော့ တောင်ကတုံးမဖြစ်တော့ဘဲနဲ့ သဘာဝသစ်တောကြီးတွေ အစိမ်းရောင်ဖြစ်ပြီးတော့ သဘာဝရေဝေရေလဲတွေကို ထိန်းသိမ်းကာကွယ်နိုင်တဲ့အနေအထားဖြစ်ပါတယ်။

နိဂုံးချုပ်အနေနဲ့ ကျွန်တော်တင်ပြဆွေးနွေးလိုတာကတော့ တောင်တန်းဒေသများဟာ မြန်မာနိုင်ငံအနှံ့အပြားမှာ စီးဆင်းလျက်ရှိတဲ့မြစ်၊ ချောင်းများရဲ့အရင်းအမြစ်များဖြစ်တဲ့အတွက် သဘာဝဂေဟစနစ်နဲ့ သဘာဝပတ်ဝန်းကျင် ယိုယွင်းပျက်စီးသွားမယ်ဆိုရင် တစ်နိုင်ငံလုံး ဘဘာဝဘေးအန္တရာယ်ကပ်ဆိုးများ ရင်ဆိုင်ကြုံတွေ့နိုင်ကြောင်း အထူးသတိပြုဖို့လိုအပ်ပါတယ်။ ဒါကြောင့်မို့လို့ နိုင်ငံတော်အစိုးရအနေနဲ့ International Centre For Integrated Mountain Development (ICIMOD) ဆိုတဲ့ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပေါင်းစပ်ချိတ်ဆက်ပြီး ပညာပေးစခန်းတွေ (Knowledge Centres) ဖွင့်လှစ်တည်ထောင်ပြီးတော့ အမျိုးသားရေးဆိုင်ရာအထူးလုပ်ငန်းရပ်အဖြစ်ခံယူပြီးတော့ စီမံဆောင်ရွက်ပေးသင့်တယ်လို့ ကျွန်တော်တင်ပြချင်ပါတယ်။ ဒါကြောင့်မို့လို့ မြန်မာနိုင်ငံသဘာဝပတ်ဝန်းကျင်နှင့် မြစ်၊ ချောင်း၊ အင်းအိုင်များစတင်ဖြစ်တည်ရာဒေသများ ရေရှည်ထိန်းသိမ်းကာကွယ်စောင့်ရှောက်နိုင်ရန်အတွက် သဘာဝဂေဟစနစ်နှင့်မြေမျက်နှာသွင်ပြင်အပေါ် အခြေခံတဲ့မြေစီမံခန့်ခွဲမှုမူဝါဒရေးဆွဲချမှတ်ဆောင်ရွက်သွားရန် ပြည်ထောင်စုအစိုးရသို့ တိုက်တွန်းမှုကြမ်း

ကြောင်းအဆိုကို ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာဖြင့် တင်သွင်းအပ်ပါတယ် ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဦးထန်းလိန်း တင်သွင်းသွားတဲ့အဆိုကို ထောက်ခံမယ့်လွှတ်တော်ကိုယ်စား လှယ်တစ်ဦးအား ဖိတ်ခေါ်ပါတယ်။

**ဦးရှိသီး(လေရှီးမဲဆန္ဒနယ်)**။ ။ ရိုသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စု ဒုတိယဝန်ကြီးများ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များအားလုံး မင်္ဂလာပါလို့ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး၊ နာဂကိုယ်ပိုင်အုပ်ချုပ် ခွင့်ရဒေသ၊ လေရှီးမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးရှိသီး ဖြစ်ပါတယ်။ တောင်ပေါ် ဒေသ သဘာဝအလှကို မြတ်နိုးပြီးတော့မှ ထိန်းသိမ်းကာကွယ်လိုတဲ့ဆန္ဒနဲ့ တင်သွင်းတဲ့ ချင်းပြည်နယ်၊ မင်းတပ်မဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးထန်းလိန်းရဲ့အဆိုကို ဝမ်းသာစွာ ကြိုဆို ထောက်ခံသွားမှာဖြစ်ပါတယ်။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်တို့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကြီးဟာ သဘာဝ ဂေဟစနစ်နဲ့ မြေမျက်နှာသွင်ပြင်အမျိုးမျိုးဖြစ်ပေါ်တည်ရှိနေတဲ့ နိုင်ငံတစ်နိုင်ငံဖြစ်ပါတယ်။ မြန်မာ နိုင်ငံအတွင်း ဖြစ်ပေါ်တည်ရှိနေသော မြစ်ချောင်းအင်းအိုင်များဟာ မြေမျက်နှာသွင်ပြင်မြင့်မားတဲ့ တောင်တန်းဒေသကနေပြီးတော့မှ စတင်စီးဆင်းလာတဲ့ သဘာဝသယံဇာတများဖြစ်ပါတယ်။ တောင်တန်းဒေသများမှာ စတင်ဖြစ်ပေါ်နေတဲ့ သဘာဝသယံဇာတများဟာ ပတ်ဝန်းကျင်ရေရှည် ကာကွယ်ထိန်းသိမ်းနိုင်မှု အားနည်းမယ်ဆိုလို့ရှိရင် ပျက်စီးမှုဖြစ်လာနိုင်ပါတယ်။ တောင်ပေါ်ဒေသမှာ နေထိုင်ကြတဲ့တိုင်းရင်းသားများအနေနဲ့ အသက်မွေးဝမ်းကြောင်းကို အဓိကအကြောင်းပြုပြီးတော့မှ ရွှေ့ပြောင်းတောင်ယာစနစ်ကို စည်းကမ်းမဲ့ ရေရှည်ကျင့်သုံးနေခြင်းဟာ အန္တရာယ်ဖြစ်ပါတယ်။ သစ်တောသယံဇာတများကို စည်းကမ်းမဲ့ထုတ်ယူနေခြင်းဟာလည်းပဲ အင်မတန်အန္တရာယ်ကြီးတဲ့ အနာဂတ်ဖြစ်ပါတယ်။ မြစ်ချောင်းအင်းအိုင်များနှင့် သဘာဝပတ်ဝန်းကျင် ပျက်စီးခမ်းခြောက်သွားပြီး တော့မှ သဘာဝဘေးအန္တရာယ်များ မလွဲမသွေ အနာဂတ်မှာ တွေ့ကြုံခံစားရမှာဖြစ်ပါတယ်။ သို့ဖြစ်တဲ့ အတွက် ချင်းပြည်နယ်၊ မင်းတပ်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးထန်းလိန်း တင်သွင်း သွားတဲ့ မြန်မာနိုင်ငံ သဘာဝပတ်ဝန်းကျင်နှင့် မြစ်ချောင်းအင်းအိုင် စတင်ဖြစ်ရာဒေသများအား ရေရှည်ထိန်းသိမ်းကာကွယ်စောင့်ရှောက်နိုင်ရေးအတွက် သဘာဝဂေဟစနစ်နဲ့ မြေမျက်နှာသွင်ပြင်

အပေါ် အခြေခံသည့် မြေစီမံခန့်ခွဲမှု မူဝါဒရေးဆွဲဆောင်ရွက်သွားနိုင်ရေးအတွက် ပြည်ထောင်စုအစိုးရသို့ တိုက်တွန်းကြောင်းအဆိုကို အလေးအနက်ထောက်ခံအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ။** ။ အဆိုနှင့်စပ်လျဉ်းပြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနက ရှင်းလင်းဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးအေးမြင့်မောင်(ဒုတိယဝန်ကြီး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန)** ။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်ကတော့ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးမြင့်မောင် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ချင်းပြည်နယ်၊ မင်းတပ်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးထန်းလိန်းရဲ့အဆိုအပေါ်မှာ ပြန်လည်ပြီး ရှင်းလင်းဆွေးနွေးသွားမှာဖြစ်ပါတယ်။ ဒီနေရာမှာလည်း လွှတ်တော်သို့ ပြည်စုံစွာရှင်းလင်းလိုတဲ့အတွက် အချိန်အနည်းငယ်တိုးမြှင့်ပေးနိုင်ရေးလည်း ကြိုတင်ခွင့်ပြုချက် တင်ပြအပ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်ကြီးဆွေးနွေးသွားတဲ့ ဆွေးနွေးချက်တွေဟာ တောင်တန်းဒေသမှာရှိကြတဲ့တိုင်းရင်းသားများသာမက ကျွန်တော်တို့နိုင်ငံရဲ့ မြောက်ဘက်မှသည် တောင်ဘက်အဆုံး မတူညီတဲ့ပထဝီဝင်အပေါ်မှာ အခြေပြုကြတဲ့ လူမျိုးအားလုံးနဲ့ဆက်ဆိုင်တဲ့ အလေးထားရမယ့်လုပ်ငန်းဖြစ်တဲ့အတွက် ကျွန်တော်တို့ဝန်ကြီးဌာနအနေနဲ့ ဦးစွာကြိုဆိုပါကြောင်း တင်ပြလိုပါတယ်။ ဒီမှာ ကျွန်တော် တင်ပြလိုတာကတော့ ကျွန်တော်တို့နိုင်ငံဟာ ပထဝီဝင် ကွဲပြားစွာတည်ရှိတဲ့အတွက် ထူးခြားတဲ့သဘာဝအလှအပနှင့် သယံဇာတတွေ ပိုင်ဆိုင်တဲ့နိုင်ငံဖြစ်ပါတယ်။ မြောက်ဘက်မှာ ရေခဲတောင်၊ တောင်ဘက်အစွန်းမှာ ပင်လယ်ကမ်းခြေဒေသနှင့် သန္တာကျောက်တန်းများ ဒီလိုကွဲပြားတဲ့ ပထဝီအခြေအနေနှင့် ရာသီဥတုအခြေအနေ၊ မြေအခြေအနေပေါ်မှာ ကျွန်တော်တို့ရဲ့ဂေဟစနစ်တွေဟာလည်း ကွဲပြားစွာတည်ရှိပါတယ်။ ကျွန်တော်တို့နိုင်ငံဟာ အရှေ့တောင်အာရှဒေသနိုင်ငံများထဲမှာ ပင်မကုန်းမြေတစ်ဆက်တစ်စပ်တည်းနဲ့ အကျယ်ဝန်းဆုံးနိုင်ငံဖြစ်ပါတယ်။ ဇီဝမျိုးစုံမျိုးကွဲပေါကြွယ်ဝတဲ့ နိုင်ငံတစ်ခုဖြစ်ပါတယ်။ ၂၀၁၁ ခုနှစ်က ရေးဆွဲအတည်ပြု ပြဋ္ဌာန်းခဲ့တဲ့ နိုင်ငံအဆင့်၊ ဇီဝမျိုးစုံမျိုးကွဲဆိုင်ရာ မဟာဗျူဟာနဲ့ လုပ်ငန်းစီမံချက်မှာ နိုင်ငံအတွင်းမှာရှိကြတဲ့ နေရင်းဒေသနှင့် ဂေဟစနစ်အမျိုးမျိုးကို လေ့လာမယ်ဆိုရင် (က) သစ်တောဂေဟစနစ် (Forest Ecosystem)၊ (ခ) တောင်ပေါ်တောဂေဟစနစ်

(Mountain Ecosystem)၊ (ဂ) ခြောက်သွေ့၍ အနည်းငယ်စိုထိုင်းသောဂေဟစနစ် (Dry and Sub-humid Land Ecosystem)၊ (ဃ) ဒီရေတော ဂေဟစနစ် (Estuarine Mangrove Ecosystem)၊ (င) ကုန်းတွင်းရေချိုဂေဟစနစ် (Inland Fresh Water Ecosystem)၊ (စ) မြက်ခင်းပြင်ဂေဟစနစ် (Grass Land Ecosystem)၊ (ဆ) အဏ္ဏဝါနှင့် ကမ်းရိုးတန်းဂေဟစနစ် (Marine and Coastal Ecosystem)၊ (ဇ) ကျွန်းငယ်များဂေဟစနစ် (Small Island Ecosystem) တို့ဖြစ်ပါတယ်။

ဒီဂေဟစနစ်များမှာ တည်ရှိကြတဲ့ အဓိကထိန်းသိမ်းပေးသင့်တဲ့လုပ်ငန်းဟာ သစ်တောများ ဖြစ်ပါတယ်။ သစ်တောများဟာ မြန်မာနိုင်ငံရဲ့ သဘာဝပတ်ဝန်းကျင်တည်ငြိမ်မှုမှာ အဓိကအရေးပါတဲ့ ဂေဟစနစ်ဖြစ်ပါတယ်။ စုစုပေါင်း သစ်တောဧရိယာရဲ့ ၃၈ ရာခိုင်နှုန်းဟာ ရွက်ကြွေသစ်တောများ ဖြစ်ပြီးတော့မှ ကျွန်တော်တို့နိုင်ငံရဲ့ လူမှုရေး၊ စီးပွားရေး၊ ပတ်ဝန်းကျင်ဆိုင်ရာ ဂေဟစနစ်ဝန်ဆောင်မှုများနှင့် ထုတ်ကုန်ပစ္စည်းများကိုလည်း တစ်ဖက်တစ်လမ်းက အထောက်အကူပြုလျက်ရှိပါတယ်။ မြန်မာနိုင်ငံရဲ့ဧရိယာ ၈၀ ရာခိုင်နှုန်းဟာ အဓိကမြစ်ဝှမ်းကြီးများရဲ့ ရေဝေရေလဲဧရိယာအတွင်း ကျရောက်လျက်ရှိပါတယ်။ တစ်နည်းပြောရရင် အရှေ့ရိုးမ၊ အလယ်ရိုးမ၊ အနောက်ရိုးမဆိုတဲ့ ရိုးမကြီးသုံးခုကို တည်မှီပြီးတော့မှ ရေဝေရေလဲဧရိယာတွေ ဖြစ်ပေါ်ခဲ့တာဖြစ်ပါတယ်။ ရေဝေရေလဲဧရိယာအတွင်းမှာရှိကြတဲ့သစ်တောများဟာ ရေစီးဆင်းမှုကို ထိန်းညှိပေးခြင်း (Water Flow Regulation)၊ အညစ်အကြေးသန့်စင်ပေးခြင်း (Water Purification)၊ မြေဆီလွှာတိုက်စားမှုမှ ကာကွယ်ပေးခြင်း (Erosion Control)၊ ရေချိုထုတ်ပေးနိုင်ခြင်း (Fresh Water Supply) နဲ့ ရေကြီးရေလျှံမှုဘေးအန္တရာယ်မှ ကာကွယ်ပေးခြင်း စတဲ့ အကျိုးကျေးဇူးများကို ပံ့ပိုးပေးလျက်ရှိပါတယ်။ ကျွန်တော်တို့နိုင်ငံအနေနဲ့ ၁၉၉၀ ခုနှစ် အစောပိုင်းကစပြီး အမျိုးသားအဆင့် သစ်တောလုပ်ငန်းအစီအစဉ်များကို အလေးထားချမှတ်အကောင်အထည်ဖော်ခဲ့ပါတယ်။ ၁၉၉၅ ခုနှစ်မှာ အပြည်ပြည်ဆိုင်ရာ သစ်တောကဏ္ဍဖွံ့ဖြိုးတိုးတက်မှုများနဲ့အညီ မြန်မာ့သစ်တောမူဝါဒကို ပြဋ္ဌာန်းခဲ့ပါတယ်။ မြန်မာ့သစ်တောမူဝါဒ ပဓာနကျတဲ့ (၆)ချက်ကို ဖော်ပြထားရှိပြီး လက်ရှိပြည်သူလူထုနှင့် အနာဂတ်မျိုးဆက်များအတွက်ပါ သစ်တောများမှရရှိနိုင်တဲ့ တိုက်ရိုက်နဲ့ သွယ်ဝိုက်သောအကျိုးများကို စဉ်ဆက်မပြတ်ခံစားနိုင်ကြစေရန် သစ်တောသယံဇာတအရင်းအမြစ်များကို ထာဝစဉ်တည်တံ့နေစေရေးအတွက် ထိန်းသိမ်းရမည်ဟု အတိအလင်း ဖော်ပြပြဋ္ဌာန်းထားရှိပါတယ်။ မြန်မာနိုင်ငံရှိ ဂေဟစနစ်များ ရေရှည်တည်တံ့စေရန် ရည်ရွယ်ပြီးတော့မှ ကြိုးဝိုင်းကြိုးပြင်ကာကွယ်တောများကို နိုင်ငံတော်ဧရိယာရဲ့ ၃၀ ရာခိုင်နှုန်း၊ သဘာဝနယ်မြေများကို ၁၀ ရာခိုင်နှုန်း ဖွဲ့စည်းရန် လျာထားထားရှိခဲ့ပြီး ကြိုးဝိုင်းကြိုးပြင်ကာကွယ်

မူကြမ်း

တော ယခုအခါမှာ ၂၄.၈၁၊ သဘာဝနယ်မြေများကတော့ ၆.၈၄ ရာခိုင်နှုန်း ဖွဲ့စည်းထားပြီးဖြစ်ပါတယ်။ ဒီမှာလည်း သဘာဝနယ်မြေများအနက် ကျွန်တော်တို့ စုစုပေါင်း Protected Area System ၃၉ ခု ယနေ့အချိန်အခါမှာ ထူထောင်ပြီးဖြစ်ပါတယ်။ ဒီမှာလည်း ဖုန်ကန်ရာဇီ၊ ခါကာဘိုရာဇီ၊ နတ်မတောင် စတဲ့ ကျွန်တော်တို့ တောင်ပေါ်ဒေသက တိုင်းရင်းသားများ အလေးထားတဲ့ ပတ်ဝန်းကျင်ဆိုင်ရာ ထိန်းသိမ်းရမယ့်နယ်မြေများကိုလည်း သဘာဝနယ်မြေများအဖြစ် ထိန်းသိမ်းကာကွယ်ထားရှိပြီးဖြစ်ပါတယ်။ ချင်းပြည်နယ်၊ နတ်မတောင်တွင်သာ တွေ့ရှိရတဲ့ အခုနက လွှတ်တော်ကိုယ်စားလှယ်ကြီး တင်ပြခဲ့တဲ့ မျက်ခုံးဖြူငှက်ပြာခြောက်၊ မြန်မာ့မျိုးရိုးရှေ့သမင်များ မျိုးသုဉ်းပျောက်ကွယ်လုနီးပါး ဖြစ်နေတဲ့ ကျား၊ မိကျောင်း၊ အာရှဆင်၊ ဝက်ဝံတို့ကို စောင့်ရှောက်ရန်အတွက် အစာကွင်းဆက် (Food Chain)၊ အစာကွန်ရက် (Food Web ) များဖြင့် မူရင်းဒေသ (Habitat) များကို ထိန်းသိမ်းကာကွယ်လျက်ရှိပါတယ်။

သဘာဝဂေဟစနစ်များအနက် သစ်တောများဟာ နိုင်ငံတော်ရဲ့ ရေရှည်ဖွံ့ဖြိုးတိုးတက်မှုမှာ အရေးပါတဲ့အတွက် ထာဝစဉ်သစ်တောစီမံအုပ်ချုပ်မှု (Sustainable Forest Management) ကို အခြေခံပြီး ပြည်သူလူထုပူးပေါင်းပါဝင်တဲ့ နည်းလမ်းများနဲ့ ဆောင်ရွက်လျက်ရှိကြပါတယ်။ အထူးသဖြင့် တောင်တန်းဒေသများမှာ ရွှေ့ပြောင်းတောင်ယာကြောင့် အမိကသစ်တောများ ပြုန်းတီးပြီး မြေဆီလွှာနှင့် ဇီဝမျိုးစုံ၊ မျိုးကွဲများ၊ ဆုံးရှုံးမှုမရှိစေရေးအတွက် ဒေသခံ ပြည်သူအစုအဖွဲ့ပိုင် သစ်တောလုပ်ငန်းအခြေခံ တောင်စောင်းဒေသစိုက်ပျိုးရေးနည်းပညာ (Sloping Land Agriculture Technology) ကို သီးနှံရောနှောသစ်တောစိုက်ခင်းထူထောင်ခြင်းဖြင့် ဆောင်ရွက်လျက်ရှိပါတယ်။ ဒီနေရာမှာလည်း လက်ရှိဆောင်ရွက်နေတဲ့လုပ်ငန်းလေးကို ဥပမာပြောရရင် ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ နောင်ချိုမြို့နယ် ညောင်ထောက်ကျေးရွာ ဒုဋ္ဌဝတီမြစ်ရဲ့ရေဝေရေလဲမှာ ကျွန်တော်တို့ APF Net နဲ့လည်း ပူးပေါင်းပြီးတော့မှ စီမံကိန်းလုပ်ငန်းများလည်း ဆောင်ရွက်လျက်ရှိပါတယ်။ ဒီလိုဆောင်ရွက်ရာမှ သက်ဆိုင်ရာဆက်စပ်အစိုးရဌာနများနှင့် ပြည်တွင်းပြည်ပမှ အစိုးရမဟုတ်တဲ့အဖွဲ့အစည်းများ ပူးပေါင်းပြီး ဒေသခံပြည်သူလူထုရဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရန်နှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေး သဟဇာတမျှတစေရန် ဆောင်ရွက်ပေးလျက်လည်းရှိပါတယ်။ သစ်တောများကို အုပ်ချုပ်လုပ်ကိုင်ရာမှာ ခရိုင်အဆင့်ကို အခြေခံယူနစ် (Forest Management Unit) အဖြစ်သတ်မှတ်ပြီး ၁၀ နှစ်ကာလ ခရိုင်အုပ်ချုပ်လုပ်ကိုင်မှုစီမံကိန်းများရေးဆွဲကာ ခရိုင်တစ်ခုချင်းစီအတွက် အကောင်အထည်ဖော်လျက်ရှိပါတယ်။

**မူကြမ်း**

ခရိုင်သစ်တောအုပ်ချုပ်လုပ်ကိုင်မှု စီမံကိန်းအရ သစ်တောနယ်မြေများကို ရေဝေရေလဲဒေသ အလုပ်တိုက်နယ်အပါအဝင် အခြားသောအလုပ်တိုက်နယ်များကိုလည်း စုဖွဲ့ပြီးတော့မှ နှစ်စဉ်ဆောင်ရွက်ရမယ့် သစ်တောပြုစုထိန်းသိမ်းရေးလုပ်ငန်းများကို နှစ်အလိုက်လျာထားချက်နှင့်အညီ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါတယ်။ ပြည်သူလူထုအတွက် စားနပ်ရိက္ခာ၊ စိုက်ပျိုးရေး၊ ရေအရင်းအမြစ်၊ လမ်းပန်းဆက်သွယ်ရေး၊ မြို့ပြနှင့် လူမှုပတ်ဝန်းကျင်၊ စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေဖို့ နိုင်ငံအဝှမ်းမြေသယံဇာတများကို စနစ်တကျစီမံခန့်ခွဲဆောင်ရွက်နိုင်ဖို့အတွက် အမျိုးသားမြေအရင်းအမြစ် စီမံခန့်ခွဲရေးဗဟိုကော်မတီကို ဖွဲ့စည်းခဲ့ပြီး နိုင်ငံတော်အတွက် မရှိမဖြစ်လိုအပ်နေတဲ့ အမျိုးသားမြေအသုံးချမှုမူဝါဒ (National Landuse Policy) တစ်ရပ်ကိုလည်း ရေးဆွဲပြုစုလျက်ရှိပါတယ်။ မြေအသုံးချမှုမူဝါဒရေးဆွဲရာမှာ တိုင်းရင်းသားများရဲ့ ဓလေ့ထုံးတမ်းဆိုင်ရာ မြေအသုံးချမှုလုပ်ငန်းစဉ်များ၊ လုပ်ထုံးလုပ်နည်းများ သတ်မှတ်ပြဋ္ဌာန်းရန်၊ ယဉ်ကျေးမှုအမွေအနှစ်များ၊ ဇီဝမျိုးစုံမျိုးကွဲများ၊ သဘာဝနယ်မြေများ၊ ရေဝေရေလဲဒေသများ ရေရှည်တည်တံ့စေရန်၊ ပတ်ဝန်းကျင်ရေရှည်တည်တံ့စေမည့် မြေသယံဇာတစီမံခန့်ခွဲရန်၊ ကဏ္ဍအလိုက် မြေအသုံးချမှုဆိုင်ရာဇုန်များ စနစ်တကျဖွဲ့စည်းသတ်မှတ်ရန် စတဲ့ ရည်မှန်းချက်များနှင့် ရေးဆွဲဆောင်ရွက်လျက်ရှိသလို တိုင်းဒေသကြီးနှင့် ပြည်နယ်အဆင့်ဆင့် မြေအသုံးချမှုဆိုင်ရာ အဖွဲ့အစည်းများကိုလည်း ဖွဲ့စည်းရန် ရည်ရွယ်ဆောင်ရွက်လျက်ရှိပါတယ်။ ယခုဆိုရင်ပြုစုထားတဲ့ မြေအသုံးချမှုမူဝါဒ(မူကြမ်း)အပေါ် ပြည်သူလူထု၊ လူထုလူတန်းစားအလွှာအသီးသီးရဲ့ ဆန္ဒသဘောထားနဲ့ အကြံပြုချက်များ ရရှိစေဖို့အတွက် နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး၊ ပြည်နယ်အသီးသီးမှာရှိတဲ့ မြို့နယ်ပေါင်း ၁၇ မြို့နယ်မှာ ၂၀၁၄ ခုနှစ် နိုဝင်ဘာလအတွင်းမှာ ပြည်သူလူထုနှင့်တွေ့ဆုံပြီး ဆန္ဒများရယူခဲ့ပါတယ်။ ရယူလာတဲ့ဆန္ဒများနှင့် အကြံပြုချက်များအပေါ်မှာ ကျွမ်းကျင်သူစားပွဲဝိုင်း ဆွေးနွေးပွဲကိုလည်း ပြီးခဲ့တဲ့ ဇန်နဝါရီ ၃၀၊ ၃၁ မှာ ကျွန်တော်တို့ကျင်းပပြီး မူဝါဒ(မူကြမ်း)ကို အများဆန္ဒနှင့်အညီ ပြန်လည်ပြုစုရေးဆွဲလျက်ရှိကြောင်းလည်း အသိပေးတင်ပြလိုပါတယ်။ မြေအသုံးချမှုမူဝါဒရေးဆွဲရာမှာ ပြည်တွင်းမှာရှိတဲ့အတွေ့အကြုံနဲ့ ပညာရပ်တတ်ကျွမ်းတဲ့ ပြည့်စုံတဲ့ပညာရှင်များ၊ အငြိမ်းစားအရာရှိကြီးများ၊ လူမှုအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များသာမကဘဲ နိုင်ငံတကာအဖွဲ့အစည်းများဖြစ်တဲ့ USAID၊ EU၊ SDC စတဲ့ နိုင်ငံအဖွဲ့အစည်းများမှ ကျွမ်းကျင်သူ အတိုင်ပင်ခံပညာရှင်များကိုပါ ပူးပေါင်းရေးဆွဲအကောင်အထည်ဖော်လျက်ရှိပါတယ်။

ရေ၊ မြေ၊ ရာသီဥတုဟာ သစ်တောများ တည်ရှိမှုအပေါ်မှာ မူတည်လျက်ရှိပြီး၊ အစဉ်ပြောင်းလဲလျက်ရှိနိုင်ပါတယ်။ ရေကိုထိန်းသိမ်းထားနိုင်တဲ့ သစ်ပင်သစ်တောများမရှိရင် ရွာသွန်းတဲ့မိုးရေအများစုဟာ မြေအောက်ကို စိမ့်ဝင်နိုင်ခြင်းမရှိဘဲ အတားအဆီးမရှိ စီးဆင်းပျောက်ကွယ်သွားတဲ့အတွက် ရေရှားပါးတဲ့အခြေအနေကို ကြုံတွေ့နေရမှာ ဖြစ်ပါတယ်။ ဒါ့ကြောင့် ကျွန်တော်တို့ ဝန်ကြီးဌာနအနေနဲ့ ရေရှားပါးမှုအခြေအနေပေါ်မူတည်ပြီး လူနှင့် တိရစ္ဆာန်များ သောက်သုံးရန်၊ စိမ်းလန်းစိုပြည်ရေးကို အထောက်အကူပြုစေရန်အတွက် လိုအပ်တဲ့နေရာများမှာ ရေကန်ငယ်များကို တူးဖော်ပေးခြင်း၊ ဆည်များရဲ့ ရေဝေရေလဲဒေသများမှာ ရေတိုက်စားမှုကြောင့် နုန်းပို့ချမှုကို လျော့နည်းစေရန်နှင့် မြေဆီလွှာတိုက်စားမှု၊ မြေပြိုမှုမဖြစ်စေရေးအတွက် နုန်းတားဆည်ငယ်များ၊ နုန်းတားတမံများ တည်ဆောက်ပေးခြင်း၊ မြေအောက်ရေတွင်းငယ်များ တူးဖော်ပေးခြင်း၊ အပူပိုင်းဒေသအတွင်းရှိ တောင်ကုန်းတောင်တန်းဒေသများမှာ အပေါ်ယံမြေလွှာပျက်စီးနေပြီး၊ သစ်တောများ ပြန်လည်စိုက်ပျိုးရန် ခက်ခဲသောဒေသများဖြစ်တဲ့အတွက် တောင်တန်းဒေသတစ်ခုချင်းအလိုက် အထူးကိစ္စရပ်အဖြစ် သစ်တောများပြန်လည်စိုက်ပျိုးခြင်းစတဲ့ နှစ်စဉ်လျာထားချက်များကိုလည်း သတ်မှတ်ပြီး အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါတယ်။

ကျွန်တော်တို့နိုင်ငံဟာ လယ်ယာစိုက်ပျိုးရေးကို အခြေခံတဲ့ နိုင်ငံတစ်နိုင်ငံဖြစ်တဲ့အတွက် စိုက်ပျိုးရေ စဉ်ဆက်မပြတ်ရရှိရေးဟာ အရေးပါတဲ့အခန်းကဏ္ဍအဖြစ် ရပ်တည်လျက်ရှိပါတယ်။ ဒါ့အပြင် ရေအားလျှပ်စစ်စက်ရုံများနဲ့ ဆည်ရေလှောင်တမံများအတွက် ရေလုံလောက်စွာရရှိရေးဟာလည်း အလွန်ပဲအရေးကြီးလှပါတယ်။ ဒါ့ကြောင့် ရေချိုသယံဇာတများ ဖြန့်ဖြူးပေးရာ မြစ်၊ ချောင်း၊ ရေကန်၊ သဘာဝရေထွက်များ မတိမ်ကောစေရန်နဲ့ ရေစီးဆင်းမှုပမာဏလျော့ကျမသွားစေရန် ရေဝေရေလဲဒေသများကို ထိန်းသိမ်းရေးဟာ အလွန်ပဲအရေးကြီးလှပါတယ်။

ကျွန်တော်တို့ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနဲ့ သစ်တောရေးရာဝန်ကြီးဌာနဟာ နိုင်ငံအတွင်းရှိ ရေဝေရေလဲဒေသများ စီမံအုပ်ချုပ်ခြင်းလုပ်ငန်းကို ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ဖို့အတွက် ရေဝေရေလဲဒေသအုပ်ချုပ်ရေးဌာနတစ်ခုကို ၁၉၉၅ ခုနှစ်ကတည်းက စတင်ဖွဲ့စည်းပြီး လုပ်ငန်းများကို စီမံကိန်းရေးဆွဲကာ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါတယ်။

ဆည်ရေလှောင်တမံများရဲ့ ရေဝေရေလဲဒေသများကို စနစ်တကျစီမံအုပ်ချုပ်လုပ်ကိုင်နိုင်ရေးအတွက် ၂၀၀၁ ခုနှစ်မှ ၂၀၃၀ ခုနှစ်ထိ ရေးဆွဲထားတဲ့ နှစ် ၃၀ အမျိုးသားသစ်တောကဏ္ဍပင်မစီမံ

ကိန်းမှာပါရှိတဲ့လုပ်ငန်းများနှင့်အညီ ကျွန်တော်တို့ နှစ်အလိုက်လုပ်ငန်းများကို သတ်မှတ် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာမှာ ယခုအချိန် တတိယငါးနှစ်စီမံကိန်းကိုလည်း အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါတယ်။ ဒါ့အပြင် ပဲခူးရိုးမ စိမ်းလန်းစိုပြည်ရေး၊ အင်းလေးကန် ရေရှည်တည်တံ့ရေး၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများကို ငါးနှစ်စီမံချက်ရေးဆွဲ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါတယ်။ ယနေ့အချိန်ထိ နိုင်ငံတစ်ဝှမ်းလုံးမှာ ရေဝေရေလဲ စိုက်ခင်းပေါင်း ၄၅၁၂၁၁ ဧက၊ သဘာဝတောထိန်းသိမ်းခြင်း ၅၁၆၆၅၈၃ ဧက ကျော်ကို တည်ထောင်ထိန်းသိမ်းခဲ့ပြီးဖြစ်ပါတယ်။

ကျွန်တော်တို့ မြန်မာနိုင်ငံဟာ တောင်တန်းဒေသရှိ ဂေဟစနစ်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဟိမဝန္တာဒေသနိုင်ငံများပါဝင်တဲ့ အပြည်ပြည်ဆိုင်ရာတောင်တန်းဒေသဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့ (International Centre for Integrated Mountain Development- ICIMOD) အဖွဲ့ဝင်နိုင်ငံအဖြစ် ပါဝင်ဆောင်ရွက်လျက်ရှိပါတယ်။ ဗြဟ္မပုတ္တရ-သံလွင်ဒေသထိန်းသိမ်းရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများ (Brahmaputra-Salween Landscape Conservation and Development Initiative-BSLCDI) စီမံကိန်း၊ ဟိမဝန္တာဒေသရာသီဥတုပြောင်းလဲမှုနှင့် လိုက်လျောညီထွေရှိစေရေးစီမံကိန်း (Himalica)၊ သဘာဝအခြေခံခရီးသွားလုပ်ငန်းဆိုင်ရာမူဝါဒနဲ့ စီမံအုပ်ချုပ်လုပ်ကိုင်မှုဆိုင်ရာမဟာဗျူဟာရေးဆွဲခြင်းစီမံကိန်း(Ecotourism Policy and Management Strategy) များကိုလည်း နိုင်ငံတကာအဖွဲ့အစည်းများနဲ့ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါတယ်။

ဂျပန်နိုင်ငံ၊ မာကီနိုရုက္ခဗေဒဥယျာဉ်နဲ့ ပူးပေါင်းပြီး ချင်းပြည်နယ်၊ နတ်မတောင်ဒေသနဲ့ ရှမ်းပြည်နယ်အတွင်းမှာ ရှားပါးဆေးဖက်ဝင်အပင်များရဲ့ အမျိုးအမည်များကို သိပ္ပံနည်းကျဖော်ထုတ်လေ့လာသုတေသနပြုခြင်းနဲ့ ရှားပါးပြီး မျိုးသုဉ်းပျောက်ကွယ်နိုင်တဲ့သစ်ခွမျိုးစိတ်များအား မျိုးပွားထုတ်လုပ်နိုင်ရန် သင်တန်းပေးခြင်း၊ ဒေသခံတိုင်းရင်းသားများရဲ့ လူမှုစီးပွားဘဝမြှင့်တင်ရေးနဲ့ သီးနှံရောနှောသစ်တောစိုက်ခင်းများ ထူထောင်စေခြင်း၊ ရေ၊ မြေ၊ သယံဇာတထိန်းသိမ်းရေးလုပ်ငန်းများကိုလည်း ဆောင်ရွက်ပေးလျက်ရှိပါတယ်။ ဒါ့အပြင် ဂျာမနီနိုင်ငံ Marbug တက္ကသိုလ်နဲ့ သစ်တောဦးစီးဌာနတို့ ပူးပေါင်းပြီး၊ မြန်မာနိုင်ငံမှာရှိတဲ့ မြင့်မားသောတောင်တန်းဒေသများမှာရှိသော ဇီဝမျိုးစုံမျိုးကွဲများ ထိန်းသိမ်းခြင်း၊ တရုတ်နိုင်ငံစစ်ဆောင်ပနားရုက္ခဗေဒဥယျာဉ်နဲ့ ပူးပေါင်းပြီး မြန်မာနိုင်ငံမြောက်ပိုင်းစွန်း တောင်ပေါ်သစ်တောများရှိ ဇီဝမျိုးစုံမျိုးကွဲများအား လေ့လာခြင်းစီမံကိန်းများကို

အကောင်အထည်ဖော်လျက်ရှိပါတယ်။ ဒီ့အပြင် နော်ဝေနိုင်ငံ၊ ရေသုတေသနအဖွဲ့ (NIVA)၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးအေဂျင်စီ (NEA) အဖွဲ့တို့နဲ့ ပူးပေါင်းပြီး၊ မြန်မာနိုင်ငံရှိ ရေသယံဇာတများကို စနစ်တကျစီမံအုပ်ချုပ်လုပ်ကိုင်နိုင်ရန် လိုအပ်တဲ့မူဝါဒ၊ ဥပဒေ၊ လုပ်ထုံးလုပ်နည်းများရေးဆွဲရာမှာ အထောက်အကူရရှိဖို့အတွက် ရေသယံဇာတဘက်စုံစီမံအုပ်ချုပ်လုပ်ကိုင်မှုဆိုင်ရာ လေ့ကျင့်ပညာပေးရေးနှင့် သုတေသနစီမံကိန်း၊ ဇီဝမျိုးစုံမျိုးကွဲထိန်းသိမ်းရေးနှင့် သဘာဝနယ်မြေများ အုပ်ချုပ်မှုမြှင့်တင်ခြင်း (Strengthening Biodiversity Conservation and Protected Area Management) နဲ့ဘေးအန္တရာယ်ရှိစွန့်ပစ်ပစ္စည်းများ စီမံခန့်ခွဲခြင်း (Solid Waste Management) ဆိုင်ရာ စီမံကိန်းလုပ်ငန်းများကိုလည်း ပူးပေါင်းအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါတယ်။ ဖွံ့ဖြိုးရေးစီမံကိန်းလုပ်ငန်းများကြောင့် သဘာဝပတ်ဝန်းကျင်နှင့် လူမှုပတ်ဝန်းကျင်အပေါ် ထိခိုက်စေနိုင်မယ့်လုပ်ငန်းများကို ဆန်းစစ်ခြင်း၊ စီမံခန့်ခွဲခြင်းတို့ကို ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနဲ့အညီ ဆောင်ရွက်နိုင်ရန်အတွက် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေနှင့် နည်းဥပဒေများကို ပြဋ္ဌာန်းထုတ်ပြန်ခဲ့ပြီး ပတ်ဝန်းကျင်ဆိုင်ရာ စံချိန်စံညွှန်းများနဲ့ ပတ်ဝန်းကျင်နဲ့ လူမှုရေးထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများကို ADB၊ JICA စတဲ့ နိုင်ငံတကာ အဖွဲ့အစည်းများနဲ့လည်း ပူးပေါင်းပြီး ရေးဆွဲပြုစုလျက်ရှိပါတယ်။

ကျွန်တော်တို့အားလုံးသိကြတဲ့အတိုင်း မြေသယံဇာတဟာ အကန့်အသတ်ရှိတဲ့ သဘာဝအရင်းအမြစ်ဖြစ်ပါတယ်။ မြေသယံဇာတကိုအသုံးပြုရာမှာ မြေရဲ့စွမ်းအင် (Land Capability) နဲ့ Land Suitability လိုက်လျောညီထွေမှုမရှိရင် မြေရဲ့အရည်အသွေးနဲ့ ထုတ်လုပ်မှုစွမ်းအား (Land Productivity) ကျဆင်းပြီး၊ ထာဝစဉ်ဖွံ့ဖြိုးတိုးတက်မှု (Sustainable Development) ကိုထိခိုက်စေမှာ ဖြစ်ပါတယ်။ လူဦးရေတိုးပွားလာတာနဲ့အမျှ စိုက်ပျိုးမြေ၊ ရေအရင်းအမြစ်၊ စားကျက်မြေ၊ သစ်တောမြေ၊ မြို့မြေ၊ ရွာမြေ၊ စက်မှုဇုန်၊ ဆက်သွယ်ရေးလမ်းကြောင်း ကွန်ရက်များစတဲ့ မြေလိုအပ်ချက်တွေဟာ ရရှိနိုင်တဲ့ ပမာဏထက် ပိုမိုများပြားလာတာကို လေ့လာတွေ့ရှိကြရမှာ ဖြစ်ပါတယ်။ မြေအသုံးချမှု စနစ်တကျမရှိရင် စိုက်ပျိုးမြေအတန်းအစားကျဆင်းလာခြင်း၊ သစ်တောပြုန်းတီးခြင်းနဲ့ ရေသယံဇာတများ ဆုံးရှုံးခြင်းတို့အပြင် သဘာဝပတ်ဝန်းကျင် ယိုယွင်းပျက်စီးမှုကြောင့် အကျိုးဆက်အနေနဲ့ ရာသီဥတုပြောင်းလဲဖောက်ပြန်ပြီး၊ သဘာဝဘေးအန္တရာယ်များ ကျရောက်ခံစားကြရမှာ ဖြစ်ပါတယ်။ ရေ၊ မြေ၊ တော၊ တောင် သဘာဝသယံဇာတ၊ ဂေဟစနစ်များ ညီညွတ်မျှတစေဖို့နဲ့ ထာဝစဉ် ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုစေတဲ့ မူဝါဒ၊ ဥပဒေ၊ နည်းဥပဒေနဲ့ လုပ်ထုံးလုပ်နည်းများ၊ ဆောင်ရွက်

အကောင်အထည်ဖော်မယ့် နည်းလမ်းများဟာ ပြောင်းလဲနေတဲ့ အခြေအနေ၊ အချိန်အခါနဲ့ အညီ စဉ်ဆက်မပြတ် အလေးထားပြုပြင်ပြောင်းလဲဆောင်ရွက်သွားရမှာ ဖြစ်ပါတယ်။ နိုင်ငံတော်အစိုးရ အနေနဲ့ စီးပွားရေး၊ လူမှုရေးနဲ့ ပတ်ဝန်းကျင်ထိန်းသိမ်းရေးအမြင်တို့ဖြင့် ပစ္စုပ္ပန်နဲ့ အနာဂတ် အတွက်မျှော်မှန်းကာ သားစဉ်မြေးဆက် ဖွံ့ဖြိုးတိုးတက်စေပြီး၊ ရေရှည်တည်တံ့စေရန် ရည်မှန်းချက် များနဲ့အညီ အမျိုးသားမြေအသုံးချမှုမူဝါဒကို ရေးဆွဲပြုစုလျက်ရှိပါတယ်။ မြေအသုံးချမှုမူဝါဒမှာ ဂေဟစနစ်တည်ငြိမ်မျှတမှုနှင့် နိုင်ငံသားများရဲ့ လူမှုစီးပွားရေးဘဝ ဖွံ့ဖြိုးတိုးတက်မှုကို သဟဇာတ ဖြစ်စေဖို့အတွက် နေရာဒေသအလိုက် ရူပ၊ ဇီဝနှင့် လူမှုစီးပွားရေးဆိုင်ရာ ကွဲပြားခြားနားမှုများကို အခြေခံပြီး မြေအသုံးချမှုဇုန်များ ခွဲခြားစီမံအုပ်ချုပ်လုပ်ကိုင်ဖို့ ပြဋ္ဌာန်းချက်များ ထည့်သွင်းဖော်ပြထား ပါတယ်။ ဒါ့ကြောင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးရဲ့ မြန်မာနိုင်ငံသဘာဝပတ်ဝန်းကျင်နဲ့ မြစ်၊ ချောင်း၊ အင်း၊ အိုင်များ စတင်ဖြစ်တည်ရာ ဒေသများ၊ ရေရှည်ထိန်းသိမ်းကာကွယ်စောင့်ရှောက်နိုင်ရန် အတွက် သဘာဝဂေဟစနစ်နဲ့ မြေမျက်နှာသွင်ပြင်ပေါ်အခြေခံတဲ့ မြေစီမံခန့်ခွဲမှုမူဝါဒ ရေးဆွဲ ဆောင်ရွက်သွားရန်အတွက် လုပ်ငန်းဟာ လက်ရှိမိမိတို့အစိုးရအဖွဲ့အစည်းအသီးသီးရော၊ အစိုးရ မဟုတ်တဲ့အဖွဲ့အစည်းရော၊ နိုင်ငံတကာအဖွဲ့အစည်းတွေပါ ပူးပေါင်းဆောင်ရွက်နေတဲ့အပြင် နောင်ကို လည်း သားစဉ်မြေးဆက်ဆောင်ရွက်ရမယ့်လုပ်ငန်းဖြစ်တဲ့အတွက် ဒီအဆိုကို မှတ်တမ်းတင်သင့်ပါ ကြောင်းနှင့် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လွှတ်တော်သို့ လေးစားစွာတင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ။အဆိုရှင် ဦးထန်းလိန်းရဲ့ သဘောထားပြောပါ။

**ဦးထန်းလိန်း(မင်းတပ်မဲဆန္ဒနယ်)။** ။ လေးစားအပ်တဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ခင်ဗျား။ ကျွန်တော်တို့ မြန်မာနိုင်ငံရဲ့အသက်သွေးကြောများဖြစ်တဲ့ မြစ်ချောင်းများ၊ အင်းအိုင်များကို စနစ်တကျရေရှည်ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေးဟာ ကျွန်တော်တို့နိုင်ငံရဲ့ အမျိုးသားရေး တာဝန်တစ်ရပ်ဖြစ်တယ်လို့ ကျွန်တော် မြင်ပါတယ်။ ကျွန်တော်တို့ မြန်မာနိုင်ငံမှာလည်းပဲ ဂေဟစနစ်နဲ့ မြေမျက်နှာသွင်ပြင်တွေက အမျိုးမျိုးဖြစ်နေတဲ့အခါကျတော့ တစ်နိုင်ငံလုံးမှာ မြေစီမံခန့်ခွဲမှုနှင့် အသုံးချမှုမူဝါဒကို တစ်ပြေးညီချမှတ်မယ်ဆိုရင်လည်း များစွာအခက်အခဲရှိနိုင်တယ်လို့ ကျွန်တော့် အနေနဲ့ သုံးသပ်ပါတယ်။ ဒါ့ကြောင့်မို့လို့လည်း အဲ့ဒီမှာ သဘာဝဂေဟစနစ်နဲ့ မြေမျက်နှာသွင်ပြင်ပေါ် အခြေခံတဲ့ မြေအသုံးချမှုစီမံဆောင်ရွက်သွားဖို့ဆိုတဲ့အဆိုကို ကျွန်တော် တင်သွင်းခြင်းဖြစ်ပါတယ်။

ကျွန်တော့်ရဲ့အမြင်ကို တင်ပြရရင်တော့ ပြည်နယ်နှင့် တိုင်းဒေသကြီးအသီးသီးကနေပြီးတော့ မြေအသုံးချမှုနှင့် စီမံခန့်ခွဲမှု၊ ဥပဒေ၊ နည်းဥပဒေနှင့် မူဝါဒတွေကို ချမှတ်နိုင်ဖို့အတွက် ပြည်နယ်နှင့် တိုင်းဒေသကြီးမှာရှိတဲ့ လွှတ်တော်များကို အစိုးရအဖွဲ့ကနေ လွှတ်တော်များကို ဥပဒေကြမ်းတွေ တင်ပြီးတော့ တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော်များကနေပြီးတော့ ဆွေးနွေးဆုံးဖြတ်တဲ့ဟာကို ပြည်ထောင်စုလွှတ်တော်ရဲ့အတည်ပြုချက်နဲ့ အဲ့ဒီဥပဒေပြဌာန်းလို့ရှိရင် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးကနေ လုပ်ပိုင်ခွင့်တွေကို ပေးမယ်ဆိုရင်တော့ ပိုပြီးတော့ ကျွန်တော်တို့ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းမှုတွေ၊ မြေအသုံးချမှုတွေကို ပိုပြီးတော့ ထိထိရောက်ရောက်ဆောင်ရွက်သွားနိုင်မယ်လို့ ကျွန်တော့်အနေနဲ့ အဲ့ဒီလိုမြင်ပါတယ်။ အဲ့ဒီလိုဥပဒေတွေ ချမှတ်ဆောင်ရွက်နိုင်ဖို့အတွက်က ပြည်ထောင်စုအဆင့်မှာ ပညာရှင်တွေ၊ အတွေ့အကြုံရင့်ကျက်တဲ့ လူကြီးတွေရှိတဲ့အတွက်ကြောင့်မို့လို့ ပြည်ထောင်စုအစိုးရအနေနဲ့ အကြံပေးပြီးတော့၊ လမ်းညွှန်မှုပေးပြီးတော့ ပြည်နယ်နှင့်တိုင်းဒေသကြီးတွေဆီမှာ ဆောင်ရွက်ပေးမယ်ဆိုရင်၊ လမ်းညွှန်မှုပေးမယ်ဆိုရင် ပိုပြီးတော့ ထိရောက်မယ်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ ဒီအဆိုကို ကျွန်တော့်အနေနဲ့ တင်သွင်းခြင်းဖြစ်ပါတယ်။ ဒါအခု ပြည်ထောင်စုဒုတိယဝန်ကြီးရဲ့ တင်ပြချက်အရလည်း၊ ဒီရှင်းလင်းချက်အရရော အင်မတန်မှ ဒီလုပ်ငန်းဟာ ကြီးမားကျယ်ပြန့်တယ်။ မြန်မာနိုင်ငံတစ်ခုလုံးမကဘဲနဲ့ ကမ္ဘာနဲ့ချည်ပြီးတော့ အင်မတန်မှ ကျယ်ပြန့်တဲ့အတွက်ကြောင့် လတ်တလောမြန်မြန်ဆန်ဆန်နဲ့ ဆောင်ရွက်ဖို့ရန် အင်မတန်မှခက်ခဲတဲ့ လုပ်ငန်းကြီးဖြစ်တယ်လို့ ကျွန်တော်ကလည်း မြင်ပါတယ်။ ဒါ့ကြောင့်မို့လို့ ဒီလုပ်ငန်းကို မှတ်တမ်းတင်ရုံတော့ မဟုတ်ဘဲနဲ့ လွှတ်တော်အနေနဲ့ စောင့်ကြည့်သွားဖို့ဆိုတဲ့ ဆုံးဖြတ်ချက်နဲ့ ဆောင်ရွက်ပေးမယ်ဆိုရင်တော့ ကျွန်တော့်အနေနဲ့ သဘောတူပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနကတော့ ဒီအဆိုကို မှတ်တမ်းတင်ထားရှိဖို့ သင့်ပါတယ်ဆိုပြီးတော့ ဆွေးနွေးသွားပါတယ်။ အဆိုရှင် ဦးထန်းလိန်းကတော့ မှတ်တမ်းတင်စောင့်ကြည့်သွားဖို့လိုအပ်တယ်လို့ တင်ပြပါတယ်။ ဒါကြောင့်မို့လို့ လွှတ်တော်ကိုယ်စားလှယ်များရဲ့ အဆုံးအဖြတ်ကိုခံယူဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဦးထန်းလိန်းတင်သွင်းသွားတဲ့ အဆိုကို ကိုယ်စားလှယ်တစ်ဦးက ထောက်ခံပြီး သက်ဆိုင်ရာပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်က ရှင်းလင်းဆွေးနွေးသွားပါတယ်။ ဒီအဆိုနှင့်စပ်လျဉ်းပြီး လွှတ်တော်ရဲ့အဆုံးအဖြတ် တစ်ပါတည်းရယူသွားမှာ

ဖြစ်ပါတယ်။ ဦးထန်းလိန်းတင်သွင်းသွားတဲ့အဆိုကို မှတ်တမ်းတင်ထားရှိစောင့်ကြည့်ရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်၊ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ။** ။ သဘောမတူသူရှိပါသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် မင်းတပ်မဲဆန္ဒနယ်မှ ဦးထန်းလိန်းတင်သွင်းတဲ့အဆိုကို လွှတ်တော်က မှတ်တမ်းတင်ထားရှိ စောင့်ကြည့်သွားမှာဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ပေးပို့သော မြေသြဇာဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ လက်ခံရရှိကြောင်း လွှတ်တော်သို့အသိပေး တင်ပြခြင်းနှင့် ဥပဒေကြမ်းကော်မတီက အစီရင်ခံစာဖတ်ကြားရှင်းလင်းခြင်း

**ဥက္ကဋ္ဌ။** ။ အစီအစဉ် ၈ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော်တွင် စတင်တင်သွင်းပြီး အတည်ပြု၍ပေးပို့သော မြေသြဇာဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းကို ၂၀၁၅ ရက်နေ့တွင် လက်ခံရရှိပါတယ်။ ကိုယ်စားလှယ်များလေ့လာနိုင်ရန် ဥပဒေကြမ်းမိတ္တူများကိုလည်း ဖြန့်ဝေထားပြီးဖြစ်ပါတယ်။ ယင်းဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီက အစီရင်ခံစာတင်သွင်းဖို့ ဖြစ်ပါတယ်။ အစီရင်ခံစာတင်သွင်းဖို့ ဥပဒေကြမ်းကော်မတီအား ဖိတ်ခေါ်ပါတယ်။

**ဦးသိန်းထွန်းဦး(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်ကတော့ မန္တလေးတိုင်းဒေသကြီး၊ အမရပူရမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီဝင် ဦးသိန်းထွန်းဦး ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ကော်မတီရဲ့အစီရင်ခံစာကို ကော်မတီရဲ့ကိုယ်စား တင်ပြသွားမှာဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်များဖြင့် အတည်ပြုပြီးပေးပို့လာသော မြေသြဇာဥပဒေကိုပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီ၏ လေ့လာတွေ့ရှိချက်အစီရင်ခံစာ-

၁။ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးက ပေးပို့လာသော မြေသြဇာဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်၌ ၂၂-၉-၂၀၁၄ ရက်နေ့တွင် စတင်တင်သွင်းခဲ့ပြီး ၁၃-၁၀-၂၀၁၄

ရက်နေ့ အမျိုးသားလွှတ်တော် အစည်းအဝေးတွင် ပြင်ဆင်ချက်များဖြင့် အတည်ပြုပြီးနောက် ပြည်သူ့လွှတ်တော်တွင် ဆွေးနွေးနိုင်ရန်ပေးပို့လာပါသည်။

၂။ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက မြေသြဇာဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို အောက်ပါရည်ရွယ်ချက်များဖြင့် ပြင်ဆင်ပြဋ္ဌာန်းနိုင်ရန်ရည်ရွယ်၍ ရေးဆွဲထားကြောင်း လေ့လာတွေ့ရှိရပါသည်-

(က) ဌာန၏ ဖွဲ့စည်းပုံပြောင်းလဲမှုကြောင့် ဌာနနှင့်ရာထူးအခေါ်အဝေါ်၊ အသုံးအနှုန်းများကို ပြင်ဆင်ရန်၊

(ခ) ဓာတ်မြေသြဇာအတုများ ပြုလုပ်ရောင်းချခြင်း၊ အရည်အသွေးစံချိန်စံညွှန်းများ ပြည့်ဝမှု မရှိခြင်းတို့ကြောင့် သုံးစွဲသူတောင်သူလယ်သမားများ ထိခိုက်နစ်နာမှု မရှိစေရေး ကြပ်မတ်ထိန်းကျောင်းနိုင်ရန်၊

(ဂ) စံချိန်စံညွှန်း၊ အရည်အသွေးပြည့်မီသည့် မြေသြဇာများကို တောင်သူလယ်သမားများ ဝယ်ယူသုံးစွဲနိုင်စေရန်၊

(ဃ) ခေတ်စနစ်နှင့်အညီ မြေသြဇာလုပ်ငန်းများ စနစ်တကျဖွံ့ဖြိုးတိုးတက်လာစေရန်။

၃။ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီသည် ၃၀-၁-၂၀၁၅ ရက်နေ့တွင် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များလေ့လာဆန်းစစ်သုံးသပ်ရေး ကော်မရှင်အဖွဲ့ဝင်များ၊ ဥပဒေပြုရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးလုပ်ငန်းကော်မတီအဖွဲ့ဝင်များနှင့် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနတို့မှ တာဝန်ရှိပုဂ္ဂိုလ်များနှင့်အတူ ညှိနှိုင်းအစည်းအဝေး ကျင်းပပြုလုပ်ခဲ့ပြီး ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၅၉ ပါ အခြေခံရမည့်မူ ၁၂ ချက်နှင့်အညီ အမျိုးသားလွှတ်တော်၏ ပြင်ဆင်အတည်ပြုချက်များကို လေ့လာစိစစ်ခဲ့ရာတွင် တွေ့ရှိချက်နှင့် ပြင်ဆင်ရန် တင်ပြချက်များကို လွှတ်တော်ကိုယ်စားလှယ်များထံသို့လည်း ဖြန့်ဝေထားပြီးဖြစ်ပါတယ်။ အဆိုပါအချက်များမှာ-

(က) ဤဥပဒေကြမ်းတွင် အပိုဒ်ပေါင်း ၁၆ ခု ပါရှိပါသည်။

(ခ) အမျိုးသားလွှတ်တော်၏ ပြင်ဆင်အတည်ပြုချက်များအနက် (၁၆)ချက်ကိုသဘောတူ လက်ခံပါသည်။

**မူကြမ်း**

(ဂ) အပိုဒ် ၂ အပိုဒ်ခွဲ (က)၊ အပိုဒ်ခွဲ(ခ) အပိုဒ်ခွဲနှင့် အပိုဒ်ခွဲ(ဂ)တို့ကို အောက်ပါအတိုင်း ပြင်ဆင်ပါသည် -

(က) မြေသြဇာဥပဒေတွင်ပါရှိသော မန်နေဂျာဆိုသည့် စကားရပ်ကို ဦးစီးမှူး ဆိုသည့်စကားရပ်ဖြင့် အသီးသီးအစားထိုးရမည်။

(ခ) မြေသြဇာဥပဒေတွင်ပါရှိသော စစ်ဆေးရေးမှူးဆိုသည့်စကားရပ်ကို စစ်ဆေး ရေးအဖွဲ့ဆိုသည့်စကားရပ်ဖြင့် အသီးသီးအစားထိုးရမည်။

(ဂ) မြေသြဇာဥပဒေတွင်ပါရှိသော မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းဆိုသည့် စကားရပ် ကို စိုက်ပျိုးရေးဦးစီးဌာနဆိုသည့် စကားရပ်ဖြင့် အသီးသီးအစားထိုးရမည်။

(ဃ) အပိုဒ် ၂ အပိုဒ်ခွဲ(င)ကို ပယ်ဖျက်ပါသည်။

(င) အပိုဒ်၅ အပိုဒ်ခွဲ(ဂ)ကို အောက်ပါအတိုင်းပြင်ဆင်ပါသည် -

(ဂ) ပုဒ်မခွဲ(ဏ)ကိုအောက်ပါအတိုင်းအစားထိုးရမည်-

(ဏ) စစ်ဆေးရေးအဖွဲ့ဆိုသည်မှာ ပုဒ်မ ၂၂ အရ စိုက်ပျိုးရေး ဦးစီး ဌာနက တာဝန်ပေးအပ်ခြင်းခံရသည့် ပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်း ထားသောအဖွဲ့ကို ဆိုသည်။

(စ) အပိုဒ် ၄ ကို အောက်ပါအတိုင်း အသစ်ဖြည့်စွက်ပါသည် -

၄။ မြေသြဇာဥပဒေ ပုဒ်မ ၅ ပုဒ်မခွဲ(ခ)ကို အောက်ပါအတိုင်း အစားထိုးရမည် -

(ခ) မြေသြဇာ၏ စံချိန်စံညွှန်းကိုသတ်မှတ်ခြင်း၊ စစ်ဆေးရေးအဖွဲ့က တင်ပြ လာသော မြေသြဇာနမူနာ ဓာတ်ခွဲစမ်းသပ်စစ်ဆေးချက်နှင့်စပ်လျဉ်း ၍ မြေသြဇာစံချိန်စံညွှန်းနှင့်ညီ/မညီ အဆုံးအဖြတ်ပေးခြင်း၊

(ဆ) အပိုဒ် ၈ ကို အောက်ပါအတိုင်း ပြင်ဆင်ပါသည် -

၈။ မြေသြဇာဥပဒေ ပုဒ်မ ၂၂ ကို အောက်ပါအတိုင်း အစားထိုးရမည်-

(က) နေပြည်တော်ကောင်စီ

**မူကြမ်း**

(ခ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့် စစ်ဆေးရေးအဖွဲ့ကို အောက်ပါအတိုင်း ဖွဲ့စည်းတာဝန်ပေးအပ်နိုင်သည် -

(၂)တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ဦးစီးမှူးက တာဝန်ပေးအပ်သော ဝန်ထမ်း နှစ်ဦး အဖွဲ့ဝင်များ

(ဂ) ခရိုင်အဆင့်စစ်ဆေးရေးအဖွဲ့ကို အောက်ပါအတိုင်း ဖွဲ့စည်းတာဝန်ပေးအပ်နိုင်သည် -

(၂)ခရိုင်ဦးစီးမှူးကတာဝန်ပေးအပ်သော ဝန်ထမ်းနှစ်ဦး၊ အဖွဲ့ဝင်များ

(ဃ) မြို့နယ်အဆင့် စစ်ဆေးရေးအဖွဲ့ကို အောက်ပါအတိုင်း ဖွဲ့စည်းတာဝန်ပေးအပ်နိုင်သည် -

(၂)မြို့နယ်ဦးစီးမှူးက တာဝန်ပေးအပ်သော ဝန်ထမ်းနှစ်ဦး၊ အဖွဲ့ဝင်များ

(ဇ) အပိုဒ် ၉ ကို အောက်ပါအတိုင်း ပြင်ဆင်ပါသည် -

၁၀။ မြေသြဇာဥပဒေ ပုဒ်မ ၂၃ တွင်-

(က) ပုဒ်မခွဲ(ခ)ကို အောက်ပါအတိုင်းအစားထိုးရမည်-

(ခ) မြေသြဇာကိုစံချိန်စံညွှန်းနှင့်ညီ၊ မညီစစ်ဆေးရန် မြေသြဇာနမူနာကိုရယူခြင်း၊ ဓာတ်ခွဲစမ်းသပ်စစ်ဆေးခြင်းနှင့် စစ်ဆေးတွေ့ရှိချက်တို့ကို မြေအသုံးချရေးဌာနခွဲသို့ ဆက်လက်တင်ပြခြင်း၊

(ဈ) အပိုဒ် ၁၄ နှင့် အပိုဒ် ၁၅ ကို အောက်ပါအတိုင်း ပြင်ဆင်ပါသည် -

၁၄။ မြေသြဇာ ဥပဒေ ပုဒ်မ ၃၆ တွင်ပါရှိသော ထောင်ဒဏ် ၃ နှစ်အထိဖြစ်စေ၊ ငွေဒဏ်ကျပ် ၁၅၀၀၀၀ အထိဖြစ်စေ၊ ဆိုသည့်စကားရပ်ကို ထောင်ဒဏ် ၃ နှစ်အထိဖြစ်စေ၊ ငွေဒဏ်ကျပ် ၁၀ သိန်းအထိဖြစ်စေဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

မူကြမ်း

၁၅။ မြေသြဇာ ဥပဒေပုဒ်မ ၃၇ တွင်ပါရှိသော ထောင်ဒဏ် ၁ နှစ်အထိ ဖြစ်စေ၊ ငွေဒဏ်ကျပ် ၅၀၀၀၀ အထိ ဖြစ်စေ ဆိုသည့်စကားရပ်ကို ထောင်ဒဏ် ၁ နှစ်အထိ ဖြစ်စေ၊ ငွေဒဏ်ကျပ် ၅ သိန်းအထိဖြစ်စေ ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

၄။ သို့ဖြစ်ပါ၍ မြေသြဇာဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၆၁ နှင့်အညီ စိစစ်ခဲ့ပြီး နည်းဥပဒေ ၆၃ အရ လွှတ်တော်သို့ ဖတ်ကြားရှင်းလင်း အစီရင်ခံတင်ပြအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။

## အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ပေးပို့သော မြေသြဇာဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြင်ဆင်ချက်အဆိုတင်သွင်းဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်းတင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌကကြေညာခြင်း

ဥက္ကဋ္ဌ။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မြေသြဇာဥပဒေကိုပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆိုတင်သွင်းဆွေးနွေးလိုသူများသည် ပြင်ဆင်လိုသည့် ဥပဒေကြမ်း၏ အပိုဒ်၊ အပိုဒ်ခွဲ၊ အကြောင်းအရာကို တိတိကျကျဖော်ပြ၍ ၆-၂-၂၀၂၁ ရက် (သောကြာနေ့) နောက်ဆုံးထားပြီး အမည်စာရင်းတင်သွင်းနိုင်ကြောင်း အသိပေးကြေညာပါတယ်။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၁၁)ရက်မြောက်နေ့ရပ်နားကြောင်းနှင့် အစည်းအဝေး (၁၂)ရက်မြောက်နေ့ ကျင်းပမည့်နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း

ဥက္ကဋ္ဌ။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂) ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၁၁)ရက်မြောက်နေ့ ရပ်နားပါမယ်။ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂) ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၁၂)ရက်မြောက်နေ့ကို မနက်ဖြန် ၂၀၁၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၄ ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁၀း၀၀ အချိန်မှာ ဆက်လက်ကျင်းပမှာဖြစ်ကြောင်းနဲ့ ယနေ့ အစည်းအဝေးပြီးဆုံးကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

အချိန်၊ ၁၁း၃၀။

မှူကြမ်း

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

[ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၁၁) ရက်မြောက်နေ့ကို ၁၁း၃၀ နာရီအချိန်တွင် ရပ်နားပါသည်။]

**မူကြမ်း**